# ၂၀၂၅ – ၂၀၂၆ ရွေးကောက်ပွဲကာလအတွင်း
# လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခြေအနေကို
# လေ့လာဆန်းစစ်ခြင်း




## ၂၀၂၅ - ၂၀၂၆ အတုအယောင် ရွေးကောက်ပွဲ ကာလအတွင်း
## ပြည်သူလူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ခံခဲ့ရမှုများ

အသံ - လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့
info@athanmm.org

# မာတိကာ


၁။ ၂၀၂၅ – ၂၀၂၆ အတုအယောင် ရွေးကောက်ပွဲနှင့် နိုင်ငံရေး အခင်းအကျင်း . . . . . . . . . . . . . . . . . . . . ၂

၁.၁။ အတုအယောင် ရွေးကောက်ပွဲကာလအတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခြေအနေ . . . . ၅

၁.၂။ အတုအယောင် ရွေးကောက်ပွဲအပေါ် နိုင်ငံတကာ၏ သဘောထားအမြင် . . . . . . . . . . . . . . . . . ၆

၂။ ဥပဒေ အခန်းကဏ္ဍ–ရွေးကောက်ပွဲကာကွယ်ရေး ဥပဒေ သုံးသပ်ချက် . . . . . . . . . . . . . . . . . . . . . . . ၇

၃။ သုတေသနနည်းနာနှင့် ကြုံခဲ့ရသည့် သတင်းအချက်အလက် ကန့်သတ်ချက်များ . . . . . . . . . . . . . . . . ၁၀

၄။ သုတေသန တွေ့ရှိချက်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂

၄.၁။ အတုအယောင် ရွေးကောက်ပွဲကာလအတွင်း အရေးယူ/ဖမ်းဆီးမှုများနှင့်
ဖမ်းဆီးအရေးယူမှုများကို အဓိက လုပ်ဆောင်ခဲ့သည့် အစုအဖွဲ့များ . . . . . . . . . . . . . . . . . . . . . ၁၂

၄.၂။ အာဏာသိမ်းစစ်တပ်၏ အရေးယူ/ဖမ်းဆီးခဲ့သော အမှုများ . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃

၄.၃။ အတုအယောင် ရွေးကောက်ပွဲကာလအတွင်း စစ်တပ်မှ လအလိုက် ဖမ်းဆီး/အရေးယူခဲ့သူများ . . . . ၁၄

၄.၄။ အာဏာသိမ်းစစ်တပ်မှ အတုအယောင် ရွေးကောက်ပွဲကာလအတွင်း
ဖမ်းဆီးရာတွင် အဓိက အသုံးပြုခဲ့သော ဥပဒေများ . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၅

၄.၅။ ပစ်မှတ်ထား ဖမ်းဆီးအရေးယူခံရသူများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၆

၄.၆။ ဖမ်းဆီးပစ်မှတ်ထားခံရသူများ၏ နေရာဒေသ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၇

၄.၇။ တော်လှန်ရေးအစုအဖွဲ့များ၏ ဖမ်းဆီးအရေးယူမှုများ. . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၈

၄.၈။ စစ်တပ်ဝါဒဖြန့် တယ်လီဂရမ် ချန်နယ်များမှ ဖမ်းဆီးမှု ဖြစ်ပွားစေရန် လှုံ့ဆော်မှုများ . . . . . . . . ၁၉

၅။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား ဖိနှိပ်ခဲ့သည့် ထင်ရှားသော ဖြစ်စဉ်များ .................. ၂၆

၅.၁။ လူမှုကွန်ယက်တွင် ရွေးကောက်ပွဲကို ဝေဖန်ခြင်းကြောင့် ရွေးကောက်ပွဲဥပဒေဖြင့် ပထမဦးဆုံး ထောင်ဒဏ် (၇) နှစ် ချမှတ်ခံမှု .................................... ၂၆

၅.၂။ အတုအယောင် ရွေးကောက်ပွဲ ဝါဒဖြန့် ဇာတ်လမ်းတိုအား ဝေဖန်မှုကြောင့် အနုပညာရှင် (၃) ဦးအား ထောင်ဒဏ် (၇) နှစ် ချမှတ်မှု .............................. ၂၇

၅.၃။ လူငယ်များကို ရွေးကောက်ပွဲကာကွယ်ရေး ဥပဒေဖြင့် ဖမ်းဆီးအရေးယူမှု ................ ၂၈

၅.၄။ ပြည်သူ့ပါတီ ကိုယ်စားလှယ်လောင်းကို ၂၀၂၁ အရေးတော်ပုံဟူသည့် စကားလုံး အသုံးပြုသဖြင့် အမှုဖွင့်အရေးယူမှု ........................................... ၂၉

၅.၅။ အတုအယောင် ရွေးကောက်ပွဲ ကာလအတွင်း မီဒီယာအပေါ် ဖိနှိပ်မှုများ ................. ၃၀

၆။ အတုအယောင် ရွေးကောက်ပွဲ ကာလအတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် . ချိုးဖောက်ခံရမှု ဖြစ်စဉ်များအား ခွဲခြမ်းစိတ်ဖြာခြင်း.................................. ၃၂

၇။ နိဂုံး –သုတေသန တွေ့ရှိချက်များအပေါ် သုံးသပ်ချက် ................................ ၃၅

၈။ အကြံပြုချက်များ ................................................... ၃၇

# အသံ – လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့၏ နောက်ခံသမိုင်းအကျဉ်း

အသံ – လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့ကို လူ့အဖွဲ့အစည်းတခုလုံးတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရရှိရေးအတွက်ရည်ရွယ်၍ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် လူငယ်များ မှစုစည်းကာ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ **Research Team For Telecommunications Law** နှင့် **We Support Journalists** အဖွဲ့တို့ကို ပေါင်းစည်းကာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ပိုမိုစနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ရန် အသံအဖွဲ့ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အသံသည် အဓိကဦးတည်ချက် (၃) ချက်ဖြစ်သည့် သုတေသန၊ စည်းရုံးရေးနှင့် ပညာပေးခြင်းတို့မှတဆင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို မြှင့်တင်ပေးသည့် သုတေသနအခြေပြု တက်ကြွလှုပ်ရှားသော အဖွဲ့အစည်းဖြစ်သည်။

သုတေသနကို အခြေခံထားသော အဖွဲ့အစည်းဖြစ်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဟန့်အတားဖြစ်သည့် ဥပဒေများ၊ ဓလေ့ထုံးတမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို စဉ်ဆက်မပြတ် လေ့လာဖော်ထုတ် မှတ်တမ်းတင်ခြင်း၊ အဖွဲ့၏ သုတေသနတွေ့ရှိချက်များအပေါ် အခြေခံ၍ ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသည့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်လာစေရေး ဆောင်ရွက်ခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပြည့်အဝရရှိစေရန် သက်ဆိုင်ရာ အဆင့်အလိုက်၊ ကဏ္ဍအလိုက် စည်းရုံးလှုံ့ဆော်ဆွေးနွေးမှုများ ဆောင်ရွက်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသည်။

အသံအဖွဲ့နှင့် တည်ထောင်သူ မောင်ဆောင်းခသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် နယ်သာလန်နိုင်ငံမှ ပေးအပ်သော **Human Rights Tulip Award** ကို ရရှိခဲ့သည်။ အသံအဖွဲ့၏ မျှော်မှန်းချက်မှာ ဒီမိုကရေစီစံနှုန်းတခုဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အပြည့်အဝရရှိသော လူ့အဖွဲ့အစည်းဖြစ်လာရန် ရည်သန်သည်။

## ၁။ ၂၀၂၅ – ၂၀၂၆ အတုအယောင် ရွေးကောက်ပွဲနှင့် နိုင်ငံရေး အခင်းအကျင်း

၂၀၂၅ နှစ်ကုန်ပိုင်းနှင့် ၂၀၂၆ နှစ်ဆန်းပိုင်းတွင် ပြုလုပ်ခဲ့သည့် အာဏာသိမ်းစစ်တပ်၏ အတုအယောင် ရွေးကောက်ပွဲသည် ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းမှု နောက်ပိုင်းတွင်ကျင်းပသည့် ပထမဆုံး ရွေးကောက်ပွဲ ဖြစ်သည်။ ဤရွေးကောက်ပွဲကို အပိုင်းသုံးပိုင်းဖြင့် ခွဲခြား အကောင်အထည်ဖော်ခဲ့သည်။ ပထမပိုင်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၂၈)ရက်နေ့တွင် မြို့နယ် (၁၀၂) မြို့နယ်တွင် လည်းကောင်း၊ ဒုတိယပိုင်းကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ (၁၁) ရက်နေ့တွင် မြို့နယ် (၁၀၀) တွင် လည်းကောင်း၊ တတိယပိုင်းကို ဇန်နဝါရီ (၂၅) ရက်နေ့တွင် မြို့နယ် (၆၃) မြို့နယ်တွင် လည်းကောင်း ပြုလုပ်ခဲ့သည်။ [1] အာဏာသိမ်းစစ်တပ်က ဤအတုအယောင် ရွေးကောက်ပွဲကို ပါတီစုံ ဒီမိုကရေစီ လုပ်ငန်းစဉ်အဖြစ် ရည်ညွှန်းခဲ့သော်လည်း လက်တွေ့တွင်မူ ရွေးကောက်ပွဲကာလ မစတင်မီထဲက လူထုအပေါ် အကြမ်းဖက်မှု၊ မတရားသဖြင့် ဖမ်းဆီးဖိနှိပ်မှုများ ပြုလုပ်ခဲ့ပြီး မီဒီယာဖိနှိပ်မှုများလည်း စဉ်ဆက်မပြတ် ပြုလုပ်ခဲ့သည်။

| အပိုင်း | ကျင်းပသည့်ရက်စွဲ | မြို့နယ်အရေအတွက် |
|---|---|---|
| ပထမပိုင်း | ၂၀၂၅၊ ဒီဇင်ဘာလ (၂၈) ရက် | ၁၀၂ မြို့နယ် |
| ဒုတိယပိုင်း | ၂၀၂၆၊ ဇန်နဝါရီလ (၁၁) ရက် | ၁၀၀ မြို့နယ် |
| တတိယပိုင်း | ၂၀၂၆၊ ဇန်နဝါရီလ (၂၅) ရက် | ၆၃ မြို့နယ် |
| စုစုပေါင်း | | ၂၆၅ မြို့နယ် |

ရွေးကောက်ပွဲတွင် မြန်မာနိုင်ငံ၏ အင်အားအကြီးဆုံး အတိုက်အခံပါတီဖြစ်သည့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ (NLD) အပါအဝင် နိုင်ငံရေးပါတီ (၈၄) ခုကို ဖျက်သိမ်းခဲ့ပြီး စစ်တပ်က လက်ခံထားသော ပါတီ (၆၃) ခုကို သာ ဝင်ရောက် ယှဉ်ပြိုင်ခွင့်ပြုခဲ့သည်။ [2] ထို့အပြင် ရွေးကောက်ပွဲကို ဘေးကင်းလုံခြုံသည်ဟု စစ်တပ်က ယူဆထားသည့် နေရာဒေသများတွင်သာ အဓိက ကျင်းပနိုင်ခဲ့

1 ဆင်ဟွာ. (2026, January 11). MYANMAR မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း ၂ စတင်ကျင်းပ, Xinhua News Agency – Myanmar.

2 မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီများစာရင်း. (2026, January 5). ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်.

3 Announcement of Constituencies, Wards and Village-tracts Where Elections Will Not Be Held. (2025, December 27). Ministry of Information – MOI.

သည်။ ထို့ကြောင့် မဲဆန္ဒနယ် အနည်းဆုံး (၁၂၁) မြို့နယ်ခန့်ကို ချန်လှပ်ထားခဲ့ရသည်။ [3] ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ကဲ့သို့ ပဋိပက္ခပြင်းထန်ရာ ဒေသများတွင် အတုအယောင် ရွေးကောက်ပွဲကို ပြုလုပ်ခဲ့သော်လည်း မဲပေးခွင့် အလွန်နည်းပါးခဲ့သည်။ ချင်းပြည်နယ်တွင် (၉) မြို့နယ်ရှိသည့် အနက် (၂) မြို့နယ်နှင့် ရခိုင်ပြည်နယ်တွင် (၁၇) မြို့နယ်ရှိသည့်အနက် အနက် (၃) မြို့နယ်တွင်သာ ရွေးကောက်ပွဲများ ကျင်းပနိုင်ခဲ့ပြီး စုစုပေါင်း မြို့နယ်အရေအတွက်မှ ၂၅ ရာခိုင်နှုန်းအောက်တွင်သာ အတုအယောင် ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့သည်ကို တွေ့ရသည်။ [4] ဤအချက်က လူထုအများအပြား ရွေးကောက်ပွဲတွင် ပါဝင်ခွင့်မရခဲ့ကြောင်း သိသာထင်ရှားနေသည်။

အတုအယောင်ရွေးကောက်ပွဲတွင် စစ်တပ်က ကျောထောက်နောက်ခံပြုထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **(USDP)** က အတိုက်အခံ မရှိဘဲနှင့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် အမတ်နေရာ (၁,၀၂၅) နေရာအနက် (၇၃၉) နေရာ အနိုင်ရရှိကာ (၇၂) ရာခိုင်နှုန်းကျော် အနိုင်ရရှိခဲ့သည်။ [5]

တချိန်တည်းမှာပင် စစ်တပ်သည် ၂၀၀၈ အခြေခံဥပဒေပါ အားသာချက်များကို ဆက်လက်ဆွဲကိုင်ထားခြင်းဖြင့် ၎င်း၏ နိုင်ငံရေးအရ တရားဝင်မှုကိုပါ ရရှိရန် ကြိုးစားခဲ့သည်။ လူထုမှ မဲပေးရွေးခြယ်ပြီးနောက်တွင် လွှတ်တော်အမတ်နေရာများ၏ ၂၅ ရာခိုင်နှုန်းကို အခြေခံဥပဒေအရ စစ်တပ်ကိုယ်စားလှယ်များက အလိုအလျောက် ရရှိမည်ဖြစ်ပြီး ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၏ လွှမ်းမိုးနိုင်စွမ်းကို ကန့်သတ်ထားသည်။ [6] အတုအယောင် ရွေးကောက်ပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အနိုင်ရရှိထားသည့် (၇၃၉) နေရာနှင့် အခြေခံဥပဒေအရ ရရှိမည့် ၂၅ ရာခိုင်နှုန်းသော စစ်တပ်ကိုယ်စားလှယ်များ၏ နေရာနှင့် ပေါင်းလိုက်ပါက လွှတ်တော်အတွင်းတွင် စစ်တပ်၏ ဩဇာလွှမ်းမိုးမှုမှာ အကြွင်းမဲ့နီးပါးဖြစ်သွားမည် ဖြစ်သည်။ ထို့ကြောင့် ဤအတုအယောင် ရွေးကောက်ပွဲသည် အရပ်သားအစိုးရ ပေါ်ပေါက်လာစေရန် အမှန်တကယ် ရည်ရွယ်ခြင်းမဟုတ်ဘဲ စစ်တပ်အတွက် အားသာချက် ရှိနေပြီးဖြစ်သည့် ၂၀၀၈ အခြေခံဥပဒေပါ ပြဌာန်းချက်များကို အကာအကွယ်ယူကာ စစ်တပ်အာဏာတည်မြဲရန် လုပ်ဆောင်ခြင်းသာ ဖြစ်သည်။

---

4 Burma News International. (2026, January 12). Forced representation crisis and the 2025 Chin State election results

5 The Irrawaddy. (2026, February 4). Myanmar military-backed USDP wins over 72% of seats in junta's election: UEC.

6 Myanmar Witness. (2026, March 26). Myanmar military-led election 2025–2026: Ongoing conflict in townships limits freedom of expression while USDP secures victory. Myanmar Witness.

လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို ကျင်းပနေသည်ဟု စစ်တပ်က ဝါဒဖြန့်ခဲ့သော်လည်း ရွေးကောက်ပွဲကာလအတွင်းတွင် လေကြောင်းတိုက်ခိုက်မှုများနှင့် စစ်ကြောင်းထိုးမှုများကို အဆက်မပြတ်ပြုလုပ်ခဲ့သည်။ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသများတွင် ရွေးကောက်ပွဲမတိုင်မီ၊ ကျင်းပနေစဉ်နှင့် ကျင်းပပြီးနောက်ကာလများအတွင်း လေကြောင်းဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီး ထိုကာလအတွင်းပင် ပါရာမော်တာအသုံးပြု တိုက်ခိုက်မှုများနှင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရစေသော ပစ်ခတ်တိုက်ခိုက်မှုများလည်း ရှိခဲ့သည်။ [7] ရွေးကောက်ပွဲကာလအတွင်း စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှု (၄၀၈) ကြိမ်ရှိခဲ့ပြီး အရပ်သား (၁၇၀) ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ခဲ့သည်။ [8]

---

[7] Myanmar Witness. (2026, March 26). Myanmar military–led election 2025–2026: Ongoing conflict in townships limits freedom of expression while USDP secures victory. Myanmar Witness.

[8] ရွေးကောက်ပွဲအတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၁၇၀ ထက်မနည်း သေဆုံးကြောင်း ကုလပြော. (2026, January 31). Dawei Watch.

## ၁.၁။ အတုအယောင် ရွေးကောက်ပွဲကာလအတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခြေအနေ

အာဏာသိမ်းစစ်တပ်၏ အတုအယောင် ရွေးကောက်ပွဲကာလအတွင်း ပြည်သူလူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်မှာ ပြင်းထန်စွာ ချိုးဖောက်ခံခဲ့ရသည်ကို တွေ့ရှိရသည်။ စစ်တပ်သည် ၎င်းတို့၏ အတုအယောင်ရွေးကောက်ပွဲကို အကာအကွယ်ပေးရန်အတွက် လူထု၏အသံကို နည်းလမ်းမျိုးစုံဖြင့် ပိတ်ဆို့ခဲ့သည်။ တက်ကြွလှုပ်ရှားသူများ၊ ဆန္ဒပြခေါင်းဆောင်များ၊ ကျောင်းသားများ၊ အနုပညာရှင်များသာမက အရပ်သားပြည်သူများပါ လူမှုကွန်ယက်တွင် ထင်မြင်ယူဆချက်များကို ဖော်ပြခြင်းနှင့် မှတ်ချက်ပေးခြင်းတို့ကြောင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ ထို့အပြင် အတုအယောင် ရွေးကောက်ပွဲကို ဆန့်ကျင်သည့် လက်ကမ်းစာစောင်များဝေငှခြင်းနှင့် ဆန့်ကျင် ပြောဆိုခြင်းကဲ့သို့သော ငြိမ်းချမ်းစွာ ဖော်ပြသည့် ဆန္ဒထုတ်ဖော်မှုများအတွက်ပင် ပြင်းထန်သော ပြစ်ဒဏ်များချမှတ်ခဲ့သည်ကို တွေ့ရှိရသည်။

ဖမ်းဆီးခံရသူများမှ အချို့မှာ နေ့စဉ်ပုံမှန်အပြုအမူများဖြစ်သည့် လူမှုကွန်ယက် ဖော်ပြချက်များကို တုံ့ပြန်မှု (reaction) ပေးခြင်း၊ စနောက်သည့်ဖော်ပြချက် (post) များ တင်ခြင်းတို့ကြောင့် ဆယ်စုနှစ်များစွာအထိ ထောင်ဒဏ်နှစ်ရှည်ချမှတ်ခံခဲ့ရသည်။ ဤမတရားဖမ်းဆီးမှုများသည် ရွေးကောက်ပွဲကို ကာကွယ်ရန် အဓိကရည်ရွယ်ချက်ဖြင့် မဟုတ်ဘဲ နိုင်ငံရေး သဘောထားကွဲလွဲမှုကို နှုတ်ဆိတ်စေရန်နှင့် လူထု၏ နိုင်ငံရေးနှင့် စစ်တပ်အပေါ် ထင်မြင်ယူဆချက်ကို ထိန်းချုပ်ရန် ဥပဒေကို အသုံးပြုခဲ့ကြောင်း ပြသနေသည်။ ပြည်သူလူထုဘက်မှ ကြည့်မည်ဆိုပါက ဖိအားပေးခံရခြင်း သို့မဟုတ် ခြိမ်းခြောက်ခံရခြင်းများကြောင့် မိမိတို့၏ နိုင်ငံရေး အမြင်များကို ဖော်ပြခြင်းသည် အန္တရာယ်ရှိသည်ဟူသည့် အတွေးအမြင် ဖြစ်ပေါ်လာသည့် အခြေအနေကို ဖန်တီးထားသည်။ စစ်တပ်၏ စနစ်တကျ ဖိနှိပ်မှုများကြောင့် ရွေးကောက်ပွဲအပေါ် လူထု၏ထင်မြင် ယူဆချက်များကို လွတ်လပ်စွာမျှဝေခွင့်၊ ဝေဖန်ခွင့်များ မရတော့ဘဲ ကျင်းပခဲ့သည့် အချက်များက အတုအယောင် ရွေးကောက်ပွဲဟု ထပ်လောင်းဆိုနိုင်သည်။

## ၁.၂။ အတုအယောင် ရွေးကောက်ပွဲအပေါ် နိုင်ငံတကာ၏ သဘောထားအမြင်

နိုင်ငံတကာအသိုင်းအဝိုင်းက ဤရွေးကောက်ပွဲကို စစ်ကောင်စီက စီစဉ်ကျင်းပသော အတုအယောင် ရွေးကောက်ပွဲ (sham election) တရပ်အဖြစ် တရားဝင်မှုမရှိသော၊ လှည့်ဖြားမှုပါဝင်သော ရွေးကောက်ပွဲဟု ကျယ်ကျယ်ပြန့်ပြန့် ပြစ်တင်ရှုတ်ချထားသည်။ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Tom Andrews က ဤရွေးကောက်ပွဲကို ဖိအားနှင့် အကြမ်းဖက်မှုများအောက်တွင် ပြုလုပ်သည့် လုပ်ဇာတ်ရွေးကောက်ပွဲဟု ဖော်ပြကာ ရလဒ်များကို လက်မခံသင့်ကြောင်း တိုက်တွန်းထားသည်။ [9] ထို့အပြင် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ဥရောပသမဂ္ဂနှင့် ဩစတြေးလျတို့ကလည်း ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် အတိုက်အခံပါတီများ ဖယ်ရှားခံထားရခြင်းနှင့် ဖိနှိပ်မှုများ ပြင်းထန်နေသည့် နိုင်ငံရေး အခြေအနေများကြောင့် ဤရွေးကောက်ပွဲကို လွတ်လပ်မှု၊ မျှတမှုနှင့် တရားဝင်မှုကင်းမဲ့သော လုပ်ငန်းစဉ်အဖြစ် ဝေဖန်ရှုံ့ချခဲ့သည်။ [10] အရှေ့တောင် အာရှနိုင်ငံများအသင်း (ASEAN) က စစ်တပ်၏ အကြမ်းဖက်မှုများ ရပ်တန့်ခြင်းနှင့် လူထုပါဝင်ခွင့်ရှိသည့် ကျယ်ပြန့်သော နိုင်ငံရေးဆွေးနွေးမှုများ မရှိသရွေ့ ရွေးကောက်ပွဲများကို မထောက်ခံနိုင်ကြောင်း ထောက်ပြထားသည်။ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများကလည်း ဤရွေးကောက်ပွဲသည် ဒီမိုကရေစီပုံစံကို ဖန်တီးပြသရန် ရည်ရွယ်သည့် လှည့်ဖြားမှုတရပ်သာဖြစ်ကြောင်း ထောက်ပြကြသည်။ [11] ၎င်းအပြင် ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် အခြား လေ့လာစောင့်ကြည့်သူ အဖွဲ့အစည်းများက စစ်တပ်၏ အကြမ်းဖက်မှု၊ ဖမ်းဆီးမှုများနှင့် လူထု၏ လွတ်လပ်ခွင့် မရရှိခြင်းအပေါ် စိုးရိမ်မှုများ ထုတ်ဖော်ခဲ့ကြသည်။ [12] သို့ဖြစ်ရာ အာဏာသိမ်းစစ်တပ်၏ ဟန်ပြရွေးကောက်ပွဲသည် နိုင်ငံတကာ အသိုင်းအဝိုင်း၏ တရားဝင်အသိအမှတ်ပြုမှုကို မရရှိခဲ့ရုံမျှမက၊ စစ်အာဏာရှင်စနစ် ရေရှည် တည်မြဲရေးကိုသာ ဦးတည်နေသည့် အန္တရာယ်ရှိသော လုပ်ရပ်တခုဖြစ်ကြောင်း ကျယ်ပြန့်စွာ ရှုမြင်ခံရသည်။

9 Associated Press. (2026, January 11). Myanmar holds second round of voting in country's first general election since military takeover. PBS News

10 Council on Foreign Relations. (2026, January 9). Myanmar's junta-led election is neither free nor fair.

11 ASEAN Foreign Ministers. (2025, October 27). Statement on Myanmar and implementation of the Five-Point Consensus.

12 Office of the United Nations High Commissioner for Human Rights. (2026, March 4). Situation of human rights in Myanmar: Advance unedited version. United Nations Human Rights Council.

## ၂။ ဥပဒေ အခန်းကဏ္ဍ–ရွေးကောက်ပွဲကာကွယ်ရေး ဥပဒေ သုံးသပ်ချက်

အာဏာသိမ်းစစ်တပ်သည် ၎င်းတို့၏ အတုအယောင် ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲကို ဝေဖန်ကန့်ကွက်မှုများအပေါ် ဖမ်းဆီးအရေးယူမှုများစွာ ပြုလုပ်ခဲ့သည်။ ထိုသို့ အရေးယူရာတွင် ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် ပြဋ္ဌာန်းခဲ့သည့် ‘ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ” ကို အဓိကလက်နက်သဖွယ် အသုံးပြုခဲ့သည်ကို တွေ့ရှိရသည်။ [13] စစ်တပ်က ၎င်းဥပဒေ၏ရည်ရွယ်ချက်မှာ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ၏ လုပ်ငန်းဆောင်တာများအား အနှောင့်အယှက်များမှ ကာကွယ်ရန်ဖြစ်သည်ဟုဆိုသည်။ လက်တွေ့တွင်မူ အတုအယောင် ရွေးကောက်ပွဲကို ဆန့်ကျင်သူများကို ပစ်မှတ်ထားနှိမ်နင်းရန် ဥပဒေပြဋ္ဌာန်းထားခြင်းဖြစ်ပြီး စစ်အုပ်ချုပ်ရေးကို တရားဝင်ဖြစ်စေရန်နှင့် ခိုင်မာစေရန် ရည်ရွယ်ထားခြင်းသာဖြစ်သည်ကို တွေ့ရသည်။ ရွေးကောက်ပွဲ ကာကွယ်ရေးဥပဒေသည် စစ်တပ်၏ ရွေးကောက်ပွဲ လုပ်ငန်းစဉ်ကို အနှောင့်အယှက်ဖြစ်စေသည်ဟု အဓိပ္ပါယ်ဖွင့်နိုင်သည့် ဝေဖန်မှု၊ ပြောဆိုမှုများနှင့် ဟောပြောစည်းရုံးမှု သို့မဟုတ် ဆန္ဒပြမှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်ပြီး အဆိုပါ ချိုးဖောက်မှုများအတွက် ထောင်ဒဏ် (၂၀) နှစ်အထိ သို့မဟုတ် သေဒဏ်အထိ ပြစ်ဒဏ်များ ချမှတ်နိုင်သည်။

> ရွေးကောက်ပွဲ ကာကွယ်ရေးဥပဒေသစ်မှာ ရွေးကောက်ပွဲကို နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်းဟူ၍ ရှင်းလင်းမှုမရှိသည့် သတ်မှတ်ချက်အောက်တွင် လူထု၏ ငြိမ်းချမ်းစွာဝေဖန်ခြင်းမှစ၍ သတင်းပို့ခြင်း၊ ထင်မြင်ယူဆချက်များ ဖလှယ်ခြင်းနှင့် ဆန္ဒထုတ်ဖော်ခြင်း လုပ်ရပ်များအားလုံးကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားကာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အပြင်းအထန် ကန့်သတ်ထားသည်။

ဤရွေးကောက်ပွဲ ကာကွယ်ရေး ဥပဒေသစ်မှာ ရွေးကောက်ပွဲကို နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်းဟူ၍ ရှင်းလင်းမှုမရှိသည့် သတ်မှတ်ချက်အောက်တွင် လူထု၏ ငြိမ်းချမ်းစွာ ဝေဖန်ခြင်းမှစ၍ သတင်းပို့

[13] စထွန်းအောင်. (2025, July 30). သေဒဏ်အထိ ချနိုင်သည့် ရွေးကောက်ပွဲကာကွယ်ရေးဥပဒေ စစ်ကောင်စီ ထုတ်ပြန်. Myanmar Now.

ခြင်း၊ ထင်မြင်ယူဆချက်များ ဖလှယ်ခြင်းနှင့် ဆန္ဒထုတ်ဖော်ခြင်း လုပ်ရပ်များအားလုံးကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားကာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အပြင်းအထန် ကန့်သတ် ထားသည်ကို တွေ့ရသည်။ ၎င်းအပြင် ရွေးကောက်ပွဲကို သပိတ်မှောက်ရန် လှုံ့ဆော်ခြင်း သို့မဟုတ် ရွေးကောက်ပွဲကော်မရှင် (Union Election Commission – UEC) ကို ဝေဖန်ခြင်းအပါအဝင် ၎င်းတို့အား ဆန့်ကျင်သည့် လုပ်ရပ်များအားလုံးကိုပါ အကျုံးဝင်စေရန် ကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ဆိုထားသည်ကို တွေ့ရသည်။

အသံအဖွဲ့၏ စောင့်ကြည့်လေ့လာမှုများအရ အတုအယောင်ရွေးကောက်ပွဲနှင့် ပတ်သက်၍ ဝေဖန်ထုတ်ဖော်မှုများကို ဖိနှိပ်ဖြိုခွင်းရာတွင် ရွေးကောက်ပွဲကာကွယ်ရေး ဥပဒေ ပုဒ်မ ၂၃ (က) နှင့် ၂၄ (က) တို့ကို အများဆုံးအသုံးပြုပြီး ပုဒ်မများဖြစ်သည့် ၂၃ (ခ)၊ ၂၄ (ခ)၊ ၂၆ (က) နှင့် ၅၈ (ဂ) တို့ကိုပါ အသုံးပြု၍ ဖမ်းဆီးတရားစွဲဆိုမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ စစ်တပ်အသုံးပြုခဲ့သော ဥပဒေများ၏အကျဉ်းချုံးမှာ အောက်ပါအတိုင်း ဖြစ်သည်။

**ပုဒ်မ ၂၃ (က)။** ရွေးကောက်ပွဲကိုပျက်စီးစေရန် လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း သို့မဟုတ် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို နှောင့်ယှက်နိုင်သည့်စာများနှင့် အွန်လိုင်းအကြောင်းအရာများကိုဖြန့်ဝေခြင်းကို တားမြစ်ထားပြီး၊ ထိုသို့ပြုလုပ်ပါက အနည်းဆုံးသုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ်ချမှတ်နိုင်ကြောင်း သတ်မှတ်သည်။

**ပုဒ်မ ၂၃ (ခ)။** ပုဒ်မ ၂၃ (က) ပါ လုပ်ရပ်များကို လူစုလူဝေးဖြင့် ကျူးလွန်ပါက ပြစ်ဒဏ်ကို ပိုမိုပြင်းထန်စေပြီး၊ အနည်းဆုံးငါးနှစ်မှ အများဆုံးဆယ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ်ချမှတ်နိုင်ကြောင်း သတ်မှတ်သည်။

**ပုဒ်မ ၂၄ (က)။** မဲဆန္ဒရှင်တဦးအား မဲပေးခြင်းမပြုနိုင်စေရန် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ ခြိမ်းခြောက်ခြင်း၊ ဟန့်တားခြင်း သို့မဟုတ် မလျော်ဩဇာသုံးခြင်းတို့ကို တားမြစ်ထားပြီး၊ ထိုသို့ ပြုလုပ်ပါကအနည်းဆုံးသုံးနှစ်မှ အများဆုံးခုနစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ်ချမှတ်နိုင်ကြောင်း သတ်မှတ်သည်။

ပုဒ်မ ၂၄ (ခ)။ ပုဒ်မ ၂၄ (က) ပါ ပြစ်မှုများကို လူစုလူဝေးဖြင့် ကျူးလွန်ပါက ပြစ်ဒဏ်ကို ပိုမိုပြင်းထန်စေပြီး၊ အနည်းဆုံး ငါးနှစ်မှ အများဆုံး ဆယ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ်ချမှတ်နိုင်ကြောင်း သတ်မှတ်သည်။

ပုဒ်မ ၂၆ (က)။ ဆန္ဒမဲလက်မှတ်၊ မဲပုံး၊ မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများအပြင် မဲရုံများနှင့် ရွေးကောက်ပွဲကော်မရှင်နှင့် ဆက်စပ်သည့် အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ ပျက်စီးအောင်ပြုလုပ်ခြင်း သို့မဟုတ် ထိခိုက်ဆုံးရှုံးစေခြင်းကို တားမြစ်ထားပြီး၊ ထိုသို့ပြုလုပ်ပါက အနည်းဆုံး ငါးနှစ်မှ အများဆုံး ဆယ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ်ချမှတ်နိုင်ကြောင်း သတ်မှတ်သည်။

ပုဒ်မ ၅၈ (ဂ)။ မဲဆွယ်စည်းရုံးရေးဆိုင်ရာ စည်းကမ်းချက်များကို ဖောက်ဖျက်ပါက အများဆုံး တနှစ်အထိ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် (ကျပ်တသိန်းအထိ) သို့မဟုတ် နှစ်ရပ်လုံး ချမှတ်နိုင်ကြောင်း သတ်မှတ်ထားသည်။

ရွေးကောက်ပွဲ ကာကွယ်ရေးဥပဒေတွင် ထောင်ဒဏ် (၃) နှစ်မှ သေဒဏ်အထိ ချမှတ်နိုင်သော ပြင်းထန်သည့် ပြစ်ဒဏ်များ ပြဋ္ဌာန်းထားခြင်းသည် ၎င်း၏ ဖိနှိပ်မှုသဘောသဘာဝကို သက်သေပြနေသည်။ ဤဥပဒေသည် အတုအယောင်ရွေးကောက်ပွဲကို ကာကွယ်ရန်ထက် လူထု၏ အခြေခံ အခွင့်အရေးများဖြစ်သော လွတ်လပ်စွာပြောဆိုခွင့်နှင့် နိုင်ငံရေးပါဝင်ခွင့်တို့ကို ပစ်မှတ်ထား ဖိနှိပ်ရန်အတွက်သာ ဖြစ်သည်။

## ၃။ သုတေသနနည်းနာနှင့် ကန့်သတ်ချက်များ

ဤသုတေသနကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း ဖြစ်ပွားခဲ့သည့် အတုအယောင် ရွေးကောက်ပွဲနှင့် ဆက်စပ်သော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်မှု ဆိုင်ရာ ဖြစ်ရပ်များကို လွှမ်းခြုံလေ့လာ ဆန်းစစ်ထားသည်။

သုတေသနနည်းနာအားဖြင့် သတင်းအချက်အလက်များကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာသည့် နည်းလမ်းဖြင့် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် လွတ်လပ်သောမီဒီယာ (၂၇) ခုနှင့် အာဏာသိမ်းစစ်တပ်ပိုင် သတင်းစာ (၂) စောင်ကို နေ့စဉ်မပြတ် စောင့်ကြည့်မှတ်တမ်းတင်ခဲ့သည်။ ထို့ပြင် စစ်တပ်လိုလားသော ဝါဒဖြန့် တယ်လီဂရမ်ချန်နယ် (၁၀) ခုနှင့် သတင်းစီးဆင်းမှုများကိုလည်း နေ့စဉ်စောင့်ကြည့် မှတ်တမ်းယူပြုစုခဲ့ပြီး အသံအဖွဲ့၏ မိတ်ဘက်အဖွဲ့အစည်းမှ စောင့်ကြည့်ထားသော ချန်နယ် (၄) ခုမှ တွေ့ရှိချက်များကိုလည်း ပေါင်းစပ်လေ့လာခဲ့သည်။ သုတေသနပြုလုပ်ရာ၌ အခြား အဖွဲ့အစည်းများမှ ထုတ်ဝေထားသော ရွေးကောက်ပွဲဆိုင်ရာ အစီရင်ခံစာများနှင့် သုတေသန စာတမ်းများကို အကိုးအကားပြုရေးသားခဲ့ပြီး အရည်အသွေးဦးစားပေး (Qualitative) သုတေသနနည်းလမ်းနှင့် အချက်အလက်ဦးစားပေး နည်းလမ်း (Quantitative) သုတေသနနည်းလမ်းဖြင့်ပါ လေ့လာထားသည်။

> “ အထူးသဖြင့် စစ်တပ်လိုလားသော တယ်လီဂရမ် ချန်နယ်များမှ ရရှိသော အချက်အလက်များသည် ဝါဒဖြန့်မှုသာဖြစ်ပြီး တဖက်သတ် သတင်းပေးပို့မှုအဖြစ်သာ ရှိသည်။

သတင်းအချက်အလက်များ ရယူရာတွင် ကန့်သတ်ချက်အချို့လည်း ရှိခဲ့သည်။ သုတေသန၏ လိုအပ်သော အချက်အလက်များကို အဓိကအားဖြင့် အွန်လိုင်းအရင်းအမြစ်များမှ ရယူရသည့်အခါ အချက်အလက်များ၏ မှန်ကန်မှုနှင့် ယုံကြည်စိတ်ချရမှုကို အပြည့်အဝအတည်ပြုရန် ခက်ခဲမှုများ ရှိခဲ့သည်။ အထူးသဖြင့် စစ်တပ်လိုလားသော တယ်လီဂရမ် ချန်နယ်များမှ ရရှိသော အချက်အလက်များ သည် ဝါဒဖြန့်မှုသာဖြစ်ပြီး တဖက်သတ် သတင်းပေးပို့မှုအဖြစ်သာရှိသည်။ နိုင်ငံတွင်း လက်ရှိ လုံခြုံ

ရေး အခြေအနေများကြောင့် အချက်အလက်များကို ကွင်းဆင်း၍ တိုက်ရိုက်စုဆောင်းနိုင်ခြင်း မရှိခြင်း သည်လည်း ဤသုတေသန၏ အကန့်အသတ်တခုဖြစ်ပြီး အချို့သော ဖမ်းဆီးမှု၊ တရားစွဲဆိုမှုများနှင့် ပတ်သက်သည့် တရားဝင် အချက်အလက်အချို့ကို အပြည့်အဝ အတည်ပြုနိုင်ခြင်း မရှိခဲ့ပါ။ ထို့အပြင် လူထုအနေဖြင့် လုံခြုံရေးအန္တရာယ်များကြောင့် ကိုယ်တိုင်ထုတ်ဖော် ပြောဆိုရန် ကြောက်ရွံ့မှုများ ရှိနေပြီး ကိုယ်တိုင်ကြုံခဲ့ရသည့် အတွေ့အကြုံများကို မျှဝခြင်း မပြုနိုင်သဖြင့် တချို့ဖြစ်ရပ်များအား မထုတ်ဖော်ရသေးခြင်း သို့မဟုတ် အနည်းငယ်သာ မှတ်တမ်းတင်နိုင်ခြင်း ဖြစ်နိုင်သည်။


ယခုသုတေသနတွင် ဖော်ပြထားသော အချက်အလက်များသည် အသံအဖွဲ့မှ ရရှိနိုင်သော သတင်း အရင်းအမြစ်များအပေါ် အခြေခံ၍ သုံးသပ်ထားခြင်းဖြစ်ပြီး အမှန်တကယ် မြေပြင်တွင် ဖြစ်ပွား ခဲ့သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်မှုများသည် ယခုထက် ပိုမို များပြားနိုင်သည်။

# ၄။ သုတေသန တွေ့ရှိချက်များ

## ၄.၁။ အတုအယောင် ရွေးကောက်ပွဲကာလအတွင်း အရေးယူ/ဖမ်းဆီးမှုများနှင့် ဖမ်းဆီးအရေးယူမှု များကို အဓိကလုပ်ဆောင်ခဲ့သည့် အစုအဖွဲ့များ

အတုအယောင် ရွေးကောက်ပွဲကာလဖြစ်သည့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၆ခုနှစ်၊ မတ်လ အတွင်း ရွေးကောက်ပွဲနှင့် ဆက်စပ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ခံရပြီး ဖမ်းဆီး ခံရသူများကို စိစစ်ကြည့်ရာ စုစုပေါင်း (၂၁၅) ဦးအထိ ရှိခဲ့သည်ကို တွေ့ရသည်။


ဖမ်းဆီးအရေးယူမှုများကို လုပ်ဆောင်ခဲ့သည့် အစုအဖွဲ့များကို လေ့လာရာတွင် ရွေးကောက်ပွဲ ကို ဆန့်ကျင်မှု (သို့မဟုတ်) ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်မှုကြောင့် အရေးယူမှုများကို ပြုလုပ်သူသည် အာဏာသိမ်းစစ်တပ် တဦးတည်းမဟုတ်ဘဲ အခြားအစုအဖွဲ့များဖြစ်သည့် အမျိုးသား ညီညွတ်ရေး အစိုးရ၊ ပြည်သူ့ကာကွယ်ရေးတပ်များနှင့် လက်နက်ကိုင် အဖွဲ့အစည်းများပါ ပါဝင်နေသည် ကို တွေ့ရသည်။ ရွေးကောက်ပွဲကို ဆန့်ကျင်သဖြင့် စစ်တပ်က ဖမ်းဆီးအရေးယူမှုခံရသူ (၁၈၂) ဦးရှိပြီး၊ စစ်တပ်၏ အတုအယောင်ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွင် ပါဝင်နေသဖြင့် (သို့မဟုတ်) ရွေးကောက်ပွဲ ကို ထောက်ခံသဖြင့် အမျိုးသားညီညွတ်ရေး အစိုးရက ဖမ်းဆီးအရေးယူခံရသူ (၂၆) ဦးရှိသည်ကို တွေ့ ရသည်။ ပြည်သူ့ကာကွယ်ရေးတပ်က ဖမ်းဆီးသူ (၅) ဦးနှင့် အမည်မသိလက်နက်ကိုင် အဖွဲ့အစည်းမှ ဖမ်းဆီးသတ်ဖြတ်ခံရသူ (၂) ဦးရှိခဲ့သည်ကိုတွေ့ရသည်။




ပုံ(၁) ဖမ်းဆီးအရေးယူမှုများကို အဓိကလုပ်ဆောင်ခဲ့သည့် အစုအဖွဲ့များ

## ၄.၂။ စစ်တပ်က အရေးယူ/ဖမ်းဆီးခဲ့သော အမှုများ


အတုအယောင် ရွေးကောက်ပွဲကာလ ၂၀၂၅ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၆ခုနှစ်၊ မတ်လအတွင်း ရွေးကောက်ပွဲနှင့်ဆက်စပ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ခံရပြီး ဖမ်းဆီးခံရသူများကို စိစစ်ကြည့်ရာ စစ်တပ်ကဖမ်းဆီးအရေးယူခဲ့သူ (၁၈၂) ဦးရှိခဲ့သည်။ ၎င်း (၁၈၂) ဦးတွင် ဖမ်းဆီးခံထားရသူမှာ (၁၀၈) ဦး၊ ဝရမ်းထုတ်ခံထားရသူ (၆၂) ဦး၊ ပစ်ဒဏ်ချမှတ်ပြီးသူ (၁၁) ဦးနှင့် လွတ်မြောက်လာသူ (၁) ဦး ရှိခဲ့သည်။ အချက်အလက်များအရ ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ဝရမ်းထုတ်ခြင်းများက အများစု ဖြစ်ပြီး လွတ်မြောက်လာသူ (၁) ဦးသာ ရှိခြင်းသည် စစ်တပ်၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် စနစ်တကျ ကန့်သတ်ဖိနှိပ်မှုများပြုလုပ်နေခြင်းကို ပေါ်လွင်စေသည်။




ပုံ(၂) ဖမ်းဆီးခံရမှု အခြေအနေ

## ၄.၃။ အတုအယောင် ရွေးကောက်ပွဲ ကာလအတွင်း စစ်တပ်မှ လအလိုက် ဖမ်းဆီး/အရေးယူခဲ့သူများ


ရွေးကောက်ပွဲ ကာကွယ်ရေးဥပဒေ စတင်အသက်ဝင်သည့် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့မှ ၂၀၂၆ ခုနှစ် မတ်လကုန်အထိ ထိုဥပဒေဖြင့် ဖမ်းဆီးအရေးယူခံရမှုများကို လေ့လာရာတွင် ဖမ်းဆီးမှုများကို ဩဂုတ်လတွင် စတင်ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ ဩဂုတ်လတွင် လူမှုကွန်ယက်တွင် ရွေးကောက်ပွဲကို ဝေဖန်ရေးသားသဖြင့် (၁) ဦး ဖမ်းဆီးအရေးယူခံရသည်။ ဖမ်းဆီးအရေးယူမှုသည် စက်တင်ဘာလတွင် ပိုမိုများပြားလာပြီး ဒီဇင်ဘာလအထိ ဆက်တိုက် အရေးယူမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ အသေးစိတ်အားဖြင့် စက်တင်ဘာလတွင် (၄၄) ဦး၊ အောက်တိုဘာလတွင် (၅) ဦး၊ နိုဝင်ဘာလတွင် (၇၄) ဦး၊ ဒီဇင်ဘာလတွင် (၄၆) ဦးနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် (၁၂) ဦး အသီးသီး ဖမ်းဆီးခံခဲ့ရသည်ကို တွေ့ရသည်။ ရွေးကောက်ပွဲ တတိယပိုင်း ပြီးဆုံးချိန် ဇန်နဝါရီလ နောက်ပိုင်းတွင်မူ ဖမ်းဆီးမှုများ မရှိသလောက် နည်းပါးသွားသည်ကို တွေ့ရသည်။ ဤအချက်အလက်များအရ အတုအယောင် ရွေးကောက်ပွဲနှင့် ပတ်သက်သည့် လူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် ရွေးကောက်ပွဲ နီးကပ်လာသည့် ကာလများတွင် ပိုမို ချိုးဖောက်ခံခဲ့ရပြီး အထူးသဖြင့် နိုဝင်ဘာလတွင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။




ပုံ(၃) လအလိုက် ဖမ်းဆီးခံရမှု

## ၄.၄။ အာဏာသိမ်းစစ်တပ်မှ အတုအယောင် ရွေးကောက်ပွဲကာလအတွင်း ဖမ်းဆီးရာတွင် အဓိကအသုံးပြုခဲ့သော ဥပဒေများ

အတုအယောင် ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲနှင့် ပတ်သက်သည့် ဖမ်းဆီးဖိနှိပ်မှုများကို အသစ်ပြဋ္ဌာန်း ထားသည့် ရွေးကောက်ပွဲ ကာကွယ်ရေးဥပဒေကို အသုံးပြု၍ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ အထူးသဖြင့် ရွေးကောက်ပွဲ ကာကွယ်ရေးဥပဒေ ပုဒ်မ ၂၃ (က) ဖြင့် (၁၀၆) မှု၊ ၂၄ (က) ဖြင့် (၂၃) မှု၊ ၂၃ (ခ) ဖြင့် (၁၀) မှု၊ ၂၄ (ခ) ဖြင့် (၆) မှု၊ ၂၆ (က) ဖြင့် (၁) မှု၊ ၂၄ (က)/၂၆ (က) ပူးတွဲ (၁) မှု၊ ၅၈ (ဂ) ဖြင့် (၁) မှုတို့ဖြင့် ဖမ်းဆီး တရားစွဲဆိုမှုများ ပြုလုပ်ခဲ့သည်။ ဥပဒေ မသိရှိရသော ဖမ်းဆီးမှုများလည်း ရှိခဲ့ပြီး အသံက ကောက်ယူရရှိထားသော အချက်အလက်များအရ (၃၄) မှုရှိသည်။





ပုံ(၄) ရွေးကောက်ပွဲကာကွယ်ရေးဥပဒေ ပုဒ်မများအလိုက် ဖမ်းဆီးအရေးယူခံရမှု အရေအတွက်

## ၄.၅။ ပစ်မှတ်ထား ဖမ်းဆီးအရေးယူခံရသူများ

အာဏာသိမ်းစစ်တပ်က အတုအယောင်ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲအား ဝေဖန်သူ မှန်သမျှကို ဥပဒေဖြင့် ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့ရာတွင် အများစုမှာ သာမန်ပြည်သူများ ဖြစ်သည်။ စစ်တပ်၏ အရေးယူ ဖမ်းဆီးမှုများတွင် သာမန်ပြည်သူ (၁၂၀) ဦး၊ နိုင်ငံရေးသမား (၅၂) ဦး၊ အနုပညာရှင် (၅) ဦး၊ တက်ကြွလှုပ်ရှားသူ (၃) ဦး၊ ပြည်သူ့ဝန်ထမ်း (၁) ဦး နှင့် လက်နက်ကိုင်တပ်ဖွဲ့ဝင် (၁) ဦး တို့ကို ရွေးကောက်ပွဲ ဥပဒေဖြင့် အရေးယူခဲ့သည်ကို တွေ့ရသည်။ အချက်အလက်များအရ ရွေးကောက်ပွဲနှင့် ဆက်စပ်၍ ဖိနှိပ်ဖမ်းဆီး အရေးယူခံရသူများထဲတွင် သာမန်ပြည်သူများ အများစု ပါဝင်နေခြင်းသည် လူထုတရပ်လုံး နိုင်ငံရေးတွင်ပါဝင်မှုနှင့် ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ဖိနှိပ်လိုသည့် စစ်တပ်၏ ရည်ရွယ်ချက်အား ဖော်ပြနေသည်။ လွတ်လပ်သော မီဒီယာ (၂) ခုဖြစ်သည့် AAMIJ Newsနှင့် ခေတ်သစ်မီဒီယာတို့လည်း တရားစွဲဆို ထားခဲ့သည်ကို တွေ့ရသည်။ AAMIJ News သည် ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်း တဦး၏ အကြောင်းကို သတင်းဖော်ထုတ်ရေးသားခဲ့သဖြင့် ရွေးကောက်ပွဲဥပဒေဖြင့် အမှုဖွင့်ခံခဲ့ရသည်။

မှတ်ချက်။ ။ ခေတ်သစ်မီဒီယာအား ရွေးကောက်ပွဲဥပဒေဖြင့် အမှုဖွင့်ထားသည်ဟူသော အချက်အလက်နှင့် ပတ်သက်၍ အဆိုပါ မီဒီယာ၏ ထုတ်ဖော်ပြောဆိုချက် တစ်ခုကိုသာ တွေ့ရှိရပြီး၊ အခြားသော သီးခြား လွတ်လပ်သည့် သတင်းရင်းမြစ်များမှတစ်ဆင့် အတည်ပြုနိုင်ခြင်း မရှိသေးပေ။





ပုံ(၅) – ဖမ်းဆီးအရေးယူခံရသူများအတွင်း အရပ်သားပြည်သူနှင့် နိုင်ငံရေးသမားများ ပါဝင်မှု အချိုးအစား

### ၄.၆။ ဖမ်းဆီးပစ်မှတ်ထားခံရသူများ၏ နေရာဒေသ

ရွေးကောက်ပွဲကာကွယ်ရေး ဥပဒေဖြင့် ဖမ်းဆီးပစ်မှတ်ထားခံရသူများမှာ နိုင်ငံတွင်း နေရာဒေသ စုံမှပါဝင်နေပြီး ရန်ကုန်တိုင်းဒေသကြီးမှ အများဆုံးဖြစ်သည်ကို တွေ့ရသည်။ ရန်ကုန်တိုင်းဒေသကြီးမှ (၄၅) ဦး၊ ပဲခူးတိုင်းမှ (၃၇) ဦး၊ ကရင်ပြည်နယ်မှ (၃၅) ဦး၊ ချင်းပြည်နယ်မှ (၁၇) ဦး၊ မန္တလေးတိုင်းမှ (၁၃) ဦး၊ ရှမ်းပြည်နယ်မှ (၇) ဦး၊ မွန်ပြည်နယ်မှ (၇) ဦး၊ ဧရာဝတီတိုင်းမှ (၇) ဦး၊ ကရင်နီဒေသမှ (၅) ဦး၊ စစ်ကိုင်းတိုင်း မှ (၂) ဦး၊ မကွေးတိုင်းမှ (၂) ဦး၊ နေပြည်တော်မှ (၂) ဦး၊ ကချင်ပြည်နယ်မှ (၁) ဦးနှင့် အချက်အလက် မသိရှိရသော ဒေသမှ (၂) ဦးစီ အသီးသီး ဖမ်းဆီးခံခဲ့ရသည်ကို တွေ့ရသည်။

မှတ်ချက်။ ။ အထက်ပါမြေပုံ၌ နည်းပညာပိုင်းဆိုင်ရာ အကန့်အသတ်များကြောင့် ကရင် (Kayin)၊ ကယား (Kayah) ဟုဖော်ပြထားသော်လည်း မိမိတို့အသုံးအဖွဲ့အနေဖြင့် ကရင် (Karen)၊ ကရင်နီ (Karenni) ဟူသော အသုံးအနှုန်းကိုသာ ရေးသားရာ၌ အသုံးပြုပါသည်။




ပုံ(၆) နေရာဒေသအလိုက် ဖမ်းစီးပစ်မှတ်ထားခံရမှု အခြေအနေ

## ၄.၇။ တော်လှန်ရေးအစုအဖွဲ့များ၏ ဖမ်းဆီးအရေးယူမှုများ

စစ်တပ်၏ အတုအယောင် ရွေးကောက်ပွဲကာလအတွင်းတွင် အမျိုးသားညီညွတ်ရေး အစိုးရ (NUG) အပါအဝင် တော်လှန်ရေးအဖွဲ့အစည်း တချို့က စစ်တပ်၏ အတုအယောင်ရွေးကောက်ပွဲတွင် ပါဝင် ပတ်သက်သူများကို အရေးယူမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ အမျိုးသား ညီညွတ်ရေး အစိုးရသည် စစ်တပ်၏ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကို အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ကာ အဖွဲ့ဝင် (၂၅) ဦးကိုလည်း အကြမ်းဖက်သမားများအဖြစ် ကြေညာခဲ့သည်။ [14] ကိုယ်ထိလက်ရောက် ဖမ်းဆီးမှုအဖြစ် မကွေးတိုင်း၊ စလင်းမြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသက်ဝေ ကိုဖမ်းဆီး၍ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ထုတ်ပြန်ခဲ့သည်။ [15] ဦးသက်ဝေသည် စစ်တပ်၏ရွေးကောက်ပွဲတင် ဦးဆောင်ပါဝင်နေသည်ဟု ပြည်သူများက သတင်းပေးပို့သဖြင့် ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။ ထို့အပြင် ရွေးကောက်ပွဲကာလအတွင်း လက်နက်ကိုင် တော်လှန်ရေး အင်အားစုများနှင့် ဆက်စပ်သည်ဟု ယူဆရသော ဖမ်းဆီးမှုများလည်း ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည်။ မကွေးတိုင်း ပခုက္ကူမြို့နယ်တွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျား ဖြူပါတီ)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝေလင်းထက်ကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် အမည် မသိ လက်နက်ကိုင် အဖွဲ့တခုက နေအိမ်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ [16] အလားတူ စစ်ကိုင်းတိုင်း ချောင်းဦးမြို့တွင်လည်း ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်တဦးနှင့် ရုံးအကူ ဝန်ထမ်းတဦးအပါအဝင် စုစုပေါင်းလေးဦးကို ရွေးကောက်ပွဲကျင်းပပြီးနောက် တပတ်အတွင်း လက်နက်ကိုင်အဖွဲ့များက ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ [17]

[14] ရွေးကော်အဖွဲ့ဝင် ၂၅ ဦးကို အကြမ်းဖက်သမားများအဖြစ် NUG ကြေညာ. (2025, November 26). DVB TV News.
[15] စလင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ၁ ဦးကို NUG ဖမ်းဆီးအရေးယူမည်. (2025, November 16). DVB TV News.
[16] ပခုက္ကူတွင် ကျားဖြူပါတီကိုယ်စားလှယ်လောင်း ၁ ဦး ဖမ်းဆီးခံရ. (2025, December 3). DVB TV News.
[17] ချောင်းဦးမှာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်တဦးနဲ့ ရုံးအကူဝန်ထမ်းတဦးအပါဝင် လေးဦးဖမ်းဆီးခံထားရ. (2026, January 20). Mandalay Free Press – MFP.

## ၄.၈။ စစ်တပ်ဝါဒဖြန့် တယ်လီဂရမ် ချန်နယ်များ၏ ဖမ်းဆီးမှု ဖြစ်ပွားစေရန် လှုံ့ဆော်မှုများ

ဤသုတေသနတွင် စစ်တပ်လိုလားသော ဝါဒဖြန့် တယ်လီဂရမ်ချန်နယ် (၁၀) ခုကို စောင့်ကြည့်ခဲ့သည့်အပြင်၊ အသံအဖွဲ့၏ မိတ်ဘက်အဖွဲ့အစည်းမှ စောင့်ကြည့်ထားသော ချန်နယ် (၄) ခုမှ တွေ့ရှိချက်များကိုလည်း ပေါင်းစပ်လေ့လာခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၆ ခုနှစ်၊ မတ်လအထိ ရွေးကောက်ပွဲ ကာလအတွင်း အဆိုပါချန်နယ်များမှ ပို့စ်ပေါင်း (၄၀) ထက်မနည်းကို ဆန်းစစ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိရသည် –

- **ပစ်မှတ်ထားတိုက်ခိုက်ခြင်း**
  လူပုဂ္ဂိုလ်များကို တိတိကျကျ ရည်ညွှန်း၍ နာမည်နှင့် နေရပ်လိပ်စာများကို ထုတ်ဖော်ပြသခြင်း။

- **ဥပဒေကြောင်းအရ ခြိမ်းခြောက်ခြင်း**
  စစ်တပ်မှ အသစ်ပြဋ္ဌာန်းထားသော ဥပဒေများကို အကိုးအကားပြု၍ ရွေးကောက်ပွဲကို ဝေဖန်ခြင်း၊ ကမ်ပိန်းတွင် မပါဝင်ခြင်းများကို ရာဇဝတ်မှုအဖြစ် ပုံဖော်ကာ အရေးယူမည်ဟု ဖော်ပြခြင်း။

- **လှုံ့ဆော်မှုနှင့် အကြောက်တရားသွင်းခြင်း**
  ပြည်သူများအချင်းချင်း တိုင်ကြားရန် သို့မဟုတ် ဖမ်းဆီးမှုများကို ထောက်ခံအားပေးရန် လှုံ့ဆော်ခြင်းဖြင့် လူထုအတွင်း အကြောက်တရားနှင့် ဖိအားများ ဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ရှိရှိ ဖန်တီးထားသော သတင်းစကားများ ပါဝင်နေခြင်း။


### ၄.၅.၁။ ပစ်မှတ်ထား တိုက်ခိုက်ခြင်း

စစ်တပ်ဝါဒဖြန့် တယ်လီဂရမ်ပို့စ်များတွင် လူပုဂ္ဂိုလ်များကို အမည်၊ လူမှုကွန်ယက် အကောင့်နှင့် နေရပ်လိပ်စာ အချက်အလက်များကို အတိအကျဖော်ပြကာ တိုက်ရိုက်ပစ်မှတ်ထားသည့် ပုံစံများကို တယ်လီဂရမ်ဖော်ပြချက်များ၏ ၂၅ ရာခိုင်နှုန်းခန့်တွင် တွေ့ရှိရသည်။ အဆိုပါပုံစံ တယ်လီဂရမ် ဖော်ပြချက် (၁၀) ခုခန့်ကို ဝါဒဖြန့်ချန်နယ် (၆) ခုခန့်မှ တင်ထားသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် လူမှုကွန်ယက်ပေါ်တွင် ရွေးကောက်ပွဲကို ဝေဖန်သူများ၊ မှတ်ချက်ပေးသူများ သို့မဟုတ် စနောက်သည့် စာသားများဖြင့် ဖော်ပြချက်များကို မျှဝေသူများကိုပင် ဥပဒေချိုးဖောက်သူဟု သတ်မှတ်ကာ ဖမ်းဆီးရန် လှုံ့ဆော်ထားသည်။ အချို့သော တယ်လီဂရမ် ဖော်ပြချက်များတွင် ဝေဖန်သူများ၏ နေရပ်လိပ်စာများကို အတိအကျဖော်ပြကာ အရေးယူရန် လှုံ့ဆော်ခြင်းများ ပါဝင်နေသည်။

ထိုသို့သော ဖော်ပြချက်များတွင် အနုပညာရှင်များ၊ သတင်းထောက်များ၊ နိုင်ငံရေးပုဂ္ဂိုလ်များနှင့် သာမန်ပြည်သူများကို အကြမ်းဖက်အားပေးသူ၊ ရွေးကောက်ပွဲဖျက်စီးသူဟု တံဆိပ်ကပ်အမည်တပ်ခြင်းများကိုတွေ့ရပြီး စစ်တပ်အာဏာပိုင်များက အရေးယူနိုင်ရန် လမ်းပြလှုံ့ဆော်သည့် သဘောများ ပါဝင်သည်။ ထို့အပြင် လူမှုကွန်ယက်ပေါ်တွင် မတူကွဲပြားသော အမြင်များကို ထုတ်ဖော်ပြောဆိုခြင်း (ဥပမာ– **“No Vote”** ဟု မှတ်ချက်ပေးခြင်း သို့မဟုတ် ဝေဖန်ရေးသားခြင်း) ကိုပင် တိုက်ရိုက် ဖမ်းဆီးနိုင်ရန် ချိတ်ဆက်ထားပြီး တယ်လီဂရမ်ကို ဖိနှိပ်ရေး ယန္တရားအဖြစ် အသုံးပြုနေကြောင်း တွေ့ရသည်။

## ၄.၅.၂။ ဥပဒေကြောင်းအရ ခြိမ်းခြောက်ခြင်း

ဥပဒေကိုအသုံးချ၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုသည့် လှုပ်ရှားမှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်သည့် ပုံစံများကိုလည်း စစ်တပ်ထောက်ခံသော တယ်လီဂရမ်ချန်နယ်များတွင် တွေ့ရသည်။ အသံအဖွဲ့က စောင့်ကြည့်ကောက်ယူခဲ့သည့် တယ်လီဂရမ် ချန်နယ် ၁၅ ရာခိုင်နှုန်း ခန့်တွင် ထိုပုံစံများကို တွေ့ရှိရပြီး ထိုသို့သော ဖော်ပြမှု (၆)ခုခန့်ကို ချန်နယ် (၃) ခု မှ တင်ထားသည်ကို တွေ့ရှိရသည်။ ရွေးကောက်ပွဲကို ဝေဖန်ခြင်း၊ ကမ်ပိန်းတွင် မပါဝင်ခြင်း သို့မဟုတ် သတင်းဖော်ပြချက်များအောက်တွင် မှတ်ချက်ပေးခြင်း ကဲ့သို့သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အတွင်း ပါဝင်သင့်သော လုပ်ရပ်များကို ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများအောက်တွင် ဖမ်းဆီးနိုင်သော ရာဇဝတ်မှုများအဖြစ် သတ်မှတ်ဖော်ပြသည်ကို တွေ့ရသည်။





ပုံ(၇) ဘညွန့် တယ်လီဂရမ်ချန်နယ်တွင် မော်ဒယ်သရုပ်ဆောင် ခါရာ၏ အတုအယောင်ရွေးကောက်ပွဲ ဆန့်ကျင်မှုကို အခွန်ရှောင်မှုနှင့် ငွေကြေးခဝါချမှု ဥပဒေများဖြင့် အရေးယူရန် လှုံ့ဆော်နေမှု

ထို့အပြင် အချို့သော တယ်လီဂရမ် ဖော်ပြချက်များတွင် ရုပ်ရှင်သရုပ်ဆောင်များနှင့် အနုပညာရှင်များကို မူးယစ်မှုကဲ့သို့သော အခြားရာဇဝတ်မှုများနှင့် ချိတ်ဆက်ကာ ဖမ်းဆီးရန် လှုံ့ဆော်ခြင်းများလည်းရှိသည်။ ဤသို့သော ပုံစံများသည် ဥပဒေကို တိုက်ရိုက် အသုံးပြုခြင်းသာမက အခြားရာဇဝတ်မှုခေါင်းစဉ်များကိုပါ ပေါင်းစပ်အသုံးပြု၍ ပြည်သူလူထုကို ဖိနှိပ်ရန် ကြိုးပမ်းနေကြောင်း ထင်ရှားသည်။ ဥပမာ ပြည်ပတွင်နေထိုင်သော အနုပညာရှင်တဦး၏ မိသားစုကို ငွေကြေးလမ်းကြောင်းများ စိစစ်၍ အခွန်ရှောင်မှု သို့မဟုတ် တရားမဝင် ငွေကိုင်ဆောင်မှုများဖြင့် အရေးယူရန် လှုံ့ဆော်ထားသည့် ဖော်ပြချက်များကိုလည်း တွေ့ရသည်။ ဤအချက်သည် တဦးချင်းသာမက မိသားစု အဆင့်အထိ ဥပဒေဆိုင်ရာဖိအားကို ချဲ့ထွင် အသုံးပြုနေကြောင်း ပြသပြီး လူထု၏ ကြောက်ရွံ့မှုကို ပိုမို တိုးမြှင့်စေခြင်းဖြစ်သည်။

### ၄.၅.၃။ လှုံ့ဆော်မှုနှင့် အကြောက်တရားသွင်းခြင်း

စစ်တပ်ဝါဒဖြန့် ချန်နယ်များ၏ ဖော်ပြချက်များတွင် အကြမ်းဖက်စစ်တပ်၏ မတရားဖမ်းဆီးမှုများနှင့် အရေးယူမှုများကို ထောက်ခံအားပေးခြင်းသာမက ပြည်သူများအနေဖြင့် ထိုလုပ်ရပ်များကို လက်ခံရန်နှင့် ပူးပေါင်းပါဝင်ရန် လှုံ့ဆော်သည့် ပုံစံများကိုလည်းတွေ့ရသည်။ စောင့်ကြည့်ထားသည့် တယ်လီဂရမ် ချန်နယ် (၁၄) ခု၏ ဖော်ပြချက်အားလုံး၏ ၂၇.၅ ရာခိုင်နှုန်းခန့်တွင် ထိုသို့သော လှုံ့ဆော်မှုများကို တွေ့ရှိရပြီး ဖော်ပြချက် (၁၁) ခုခန့်ကို ချန်နယ် (၆) ခုခန့်မှ တင်ထားသည်။ အထူးသဖြင့် ရွေးကောက်ပွဲကို နှောင့်ယှက်သည့် လုပ်ရပ်များကို ဖမ်းဆီး အရေးယူထားကြောင်းကို အကြိမ်ကြိမ် ဖြန့်ချိခြင်း၊ ထောင်ဒဏ်ချမှတ်ခံရမှုများကို အသားပေး ဖော်ပြခြင်းတို့ကို ပြုလုပ်ပြီး ဖမ်းဆီးအရေးယူမှုများကို ဖြစ်သင့်သော အခြေအနေတရပ်အဖြစ် ပုံဖော်သည်ကို တွေ့ရသည်။




ပုံ(၈) ဆိုရှယ်မီဒီယာပေါ်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုများနှင့် တုံ့ပြန်မှုများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူမည်ဟု ခြိမ်းခြောက်နေသည့် Telegram Screenshot

ထို့အပြင် ရွေးကောက်ပွဲကာကွယ်ရေး ဥပဒေဖြင့် အရေးယူထားသူ စုစုပေါင်း မည်မျှရှိပြီဖြစ်ကြောင်း ဖော်ပြချက်များကို ထပ်ခါထပ်ခါ ဖော်ပြခြင်းသည် ထိုဖမ်းဆီးမှုများကို ထောက်ခံကြောင်းပြသသည့်အပြင် အခြားသူများကိုလည်း ကြောက်ရွံ့စေရန် ခြိမ်းခြောက်/လှုံ့ဆော်နေခြင်းဖြစ်သည်။ မတရားဖမ်းဆီးမှုများကို အောင်မြင်မှုတရပ်အဖြစ် ပြသခြင်းနှင့် တချိန်တည်းတွင် ဆက်လက် အရေးယူမှုများပြုလုပ်မည်ဟုသွယ်ဝိုက်သတိပေးခြင်းလည်းဖြစ်သည်။ထို့ပြင်ရုပ်ရှင်ဒါရိုက်တာများ၊သရုပ်ဆောင်များကဲ့သို့ အများသိသောလူပုဂ္ဂိုလ်များကို ဖမ်းဆီးခြင်းနှင့် ထောင်ဒဏ် ချမှတ်ခြင်းများကို အထူးဖော်ပြခြင်းသည် မည်သူမဆို အရေးယူခံရနိုင်ကြောင်း ပြသသည့် သတိပေးမှုတရပ်ဖြစ်ပြီး ပြည်သူများအနေဖြင့် မိမိတို့၏အမြင်များကို မဖော်ပြပဲ ထိန်းချုပ်ထားရန် သွယ်ဝိုက်သတိပေးနေခြင်းလည်း ဖြစ်သည်။




ပုံ(၉) ၂၀၂၅ အတုအယောင်ရွေးကောက်ပွဲ သပိတ်မှောက်သူများကို ပစ်မှတ်ထားရန်
လှုံ့ဆော်နေသည့် Telegram Screenshot

အဆိုပါ ဝါဒဖြန့် တယ်လီဂရမ် ဖော်ပြချက်များကို ဆန်းစစ်ရာတွင် လူထုအတွင်း ကြောက်ရွံ့မှုနှင့် ဖိအားများ ဖြစ်ပေါ်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရည်ရွယ်ရေးသားထားသော ဖော်ပြချက်များမှာ စုစုပေါင်း၏ ၃၂.၅ ရာခိုင်နှုန်းခန့် ရှိသည်ကို တွေ့ရသည်။ အရေအတွက်အားဖြင့် ဖော်ပြချက် (၁၃) ခုခန့်ရှိပြီး ၎င်းတို့ကို တယ်လီဂရမ်ချန်နယ် (၈) ခုမှတဆင့် စနစ်တကျ ဖြန့်ချိခဲ့ခြင်း ဖြစ်သည်။ ဖော်ပြချက်များတွင် ရွေးကောက်ပွဲကို မထောက်ခံသူများကို ရန်သူဟုသတ်မှတ်ခြင်း၊ ဒီမိုကရေစီကို ဖျက်စီးသူအဖြစ် သမိုင်းတွင် မှတ်တမ်းတင်ခံရမည်ဟု ခြိမ်းခြောက်ခြင်းတို့ဖြင့် နိုင်ငံရေးအမြင်မတူသူများကို အုပ်စုတခုအဖြစ် ခွဲခြားကာဖိအားပေးသည်ကို တွေ့ရသည်။ ထို့အပြင် ရွေးကောက်ပွဲကို ဆန့်ကျင်သော နယ်မြေများကို ဗုံးကြဲမည်ဟူသည့် တိုက်ရိုက် ခြိမ်းခြောက်မှုများကိုလည်း တွေ့ရပြီး ပြည်သူ၏ အကြောက်တရားကို အမြင့်ဆုံးအဆင့်ထိ တိုးမြှင့်သည့် အကြမ်းဖက်သဘောများ ပါဝင်နေသည်။

ထို့အပြင်အချို့သောဖော်ပြချက်များတွင်လူထု၏လူမှုကွန်ယက်မှလှုပ်ရှားမှုများကိုစောင့်ကြည့်ရန် လှုံ့ဆော်ခြင်း၊ ဥပမာ လူမှုကွန်ယက် စာမျက်နှာများကို **follow** လုပ်ထားခြင်း၊ **like** သို့မဟုတ် **reaction** ပေးထားခြင်းတို့ကို စစ်ဆေးရန် တိုက်တွန်းခြင်းတို့သည် လူမှုကွန်ယက် အသုံးပြုမှုကိုပင် အန္တရာယ်ရှိသော လုပ်ရပ်တခုအဖြစ် ပုံသွင်းနေခြင်းဖြစ်သည်။ ထို့အပြင် လူထုမှ ပါဝင်ပူးပေါင်းမှု မရှိပါက တာဝန်မကျေပွန်သော နိုင်ငံသားဟု သတ်မှတ်ခံရမည် ဟူသည့် သတင်းစကားကလည်း လူမှုဖိအားကိုအသုံးပြု၍ လိုက်နာရန် တွန်းအားပေးခြင်းဖြစ်ပြီး မလိုက်နာပါက လူမှုရေးအရ အပြစ်တင်ခံရမည်ဟု သွယ်ဝိုက် ခြိမ်းခြောက်နေခြင်းဖြစ်သည်။

## ၅။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ဖိနှိပ်ခဲ့သည့် ထင်ရှားသော ဖြစ်စဉ်များ

### ၅.၁။ လူမှုကွန်ယက်တွင် ရွေးကောက်ပွဲကို ဝေဖန်ခြင်းကြောင့် ရွေးကောက်ပွဲဥပဒေဖြင့် ပထမဦးဆုံး ထောင်ဒဏ် (၇) နှစ် ချမှတ်ခံမှု

ရွေးကောက်ပွဲကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်းပြီးနောက် ထိုဥပဒနှင့် ပထမဆုံး အရေးယူခံရသူမှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ အေးသာယာမြို့မှ အမျိုးသားတဦးဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ အေးသာယာမြို့နေ ကိုနေသွေးသည် ဩဂုတ်လ ၂၃ ရက်နေ့တွင် ၎င်း၏ လူမှုကွန်ယက်စာမျက်နှာတွင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သော ထင်မြင်ချက် တရပ်ကို ဖော်ပြခဲ့သည်။ ဩဂုတ်လ (၂၅) ရက်နေ့တွင် ကိုနေသွေးကို ဖမ်းဆီးပြီး စက်တင်ဘာလ (၉) ရက်နေ့တွင် တောင်ကြီးမြို့နယ်တရားရုံးမှ ရုံးထုတ်ခြင်းနှင့် အမိန့် ချမှတ်ခြင်းတို့ကို တနေ့တည်း ပြုလုပ်ခဲ့သည်။ ကိုနေသွေးကို ရွေးကောက်ပွဲ နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ၊ ပုဒ်မ ၂၃ (က) ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့သည်။ [18] ကိုနေသွေး၏ ဖြစ်စဉ်သည် လူမှုမီဒီယာပေါ်တွင် မိမိ၏ ထင်မြင်ချက်ကို ဖော်ပြရုံမျှဖြင့် ရွေးကောက်ပွဲကို နှောင့်ယှက်ခြင်းဟု သတ်မှတ်ခံရကာ ပြင်းထန်သော ပြစ်ဒဏ်ချမှတ်နိုင်သည့် ဥပဒေရေးရာပုံစံ တရပ်ကို ပြသနေပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်မှုများကို ထင်ရှားစွာ ထင်ဟပ်နေသည်။

[18] တောင်ကြီးတွင် ရွေးကောက်ပွဲဥပဒေဖြင့် အမျိုးသား ၁ ဦး ထောင်ဒဏ် ၇ နှစ် ချမှတ်ခံရ. (2025, September 10). DVB Myanmar.

## ၅.၂။ အတုအယောင် ရွေးကောက်ပွဲ ဝါဒဖြန့်ဇာတ်လမ်းတိုအား ဝေဖန်မှုကြောင့် အနုပညာရှင် (၃) ဦးအား ထောင်ဒဏ် (၇) နှစ် ချမှတ်မှု

ရွေးကောက်ပွဲနှင့် ဆက်စပ်သော ထင်မြင်ချက်ဖော်ပြမှုများကို အရေးယူရာတွင် ထင်ရှားသော ဥပမာဖြစ်စဉ် နောက်တခုမှာ အနုပညာရှင်များကို ပစ်မှတ်ထား ဖမ်းဆီးမှုများ ဖြစ်သည်။ စစ်တပ်၏ ရွေးကောက်ပွဲဝါဒဖြန့် ဇာတ်လမ်းတို “ခေတ်သမိုင်းကို ဒုန်းစိုင်းမည့်သူများ”ကို အာဏာသိမ်းမှုကို ပံ့ပိုးသည့် ဖျက်သရော် ဝေဖန်ခြင်း သို့မဟုတ် ထိုဝေဖန်မှုတွင် ပါဝင်ခဲ့ကြသည်ဟုဆိုကာ ဒါရိုက်တာ မိုက်တီး၊ သရုပ်ဆောင် ကျော်ဝင်းထွဋ် နှင့် ဟာသသရုပ်ဆောင် အုန်းဒိုင်းတို့ကို အကြမ်းဖက်စစ်တပ်က ၂၀၂၅ ခုနှစ် အောက်တိုဘာ (၂၉) ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ ၎င်းတို့ကို ရွေးကောက်ပွဲအပေါ် လူထုအထင်အမြင် လွဲမှားစေရန် လှုံ့ဆော်မှု ပြုလုပ်သည်ဟုဆိုကာ နိုင်ငံဘာလအတွင်းတွင် ရွေးကောက်ပွဲ ကာကွယ်ရေး ဥပဒေဖြင့် ထောင်ဒဏ် (၇) နှစ်စီ အမိန့်ချခဲ့သည်။[19] ယင်းဖြစ်စဉ်နှင့် ဆက်စပ်၍ ဒါရိုက်တာ အောင်ချမ်း လူကိုလည်း ဝါဒဖြန့်ရုပ်ရှင်တခုကို ဝေဖန်သည့် လူမှုကွန်ယက် ဖော်ပြချက်တခုကို တုံ့ပြန်မှု (reaction) ပေးခဲ့သဖြင့် ဖမ်းဆီးခံခဲ့ရကြောင်း သတင်းရင်းမြစ်များမှ ဖော်ပြထားသည်။ အဆိုပါ ဖြစ်စဉ်သည် လူမှုကွန်ယက်ပေါ်တွင် လူထု၏ပုံမှန်ပြုလုပ်လေ့ရှိသော ထင်မြင်ချက်ဖော်ပြမှုများကို တုံ့ပြန်မှု (Reaction) ပေးခြင်းကိုပါ စစ်တပ်က အရေးယူနိုင်သည့် အခြေအနေရှိနေကြောင်း ပြသနေသည်။ ဖြစ်စဉ် အချိန်ကာလကို လေ့လာမည်ဆိုပါက ဝေဖန်မှုများ တိုးလာသည့်ကာလနှင့် ဖမ်းဆီးမှုများ ဖြစ်ပေါ်လာသည့် ကာလတို့သည် နီးကပ်စွာ ဆက်စပ်နေကြောင်း တွေ့ရသည်။

ထိုဖြစ်စဉ်များသည် အများသိသော လူပုဂ္ဂိုလ်များကို ပစ်မှတ်ထား အရေးယူခြင်းမှ တဆင့် လူထုအတွင်း ကြောက်ရွံ့မှု ဖန်တီးရန်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရန် ရည်ရွယ်ထားသော ပိုမိုကျယ်ပြန့်သည့် ဖိနှိပ်မှုပုံစံတရပ်ဖြစ်သည်။

[19] ဒါရိုက်တာ မိုက်တီး အပါအဝင် အနုပညာရှင် ၃ ဦးကို စစ်တပ်ဖမ်းဆီး . (2025, October 29). BBC Myanmar.

### ၅.၃။ လူငယ်များကို ရွေးကောက်ပွဲကာကွယ်ရေး ဥပဒေဖြင့် ဖမ်းဆီးအရေးယူမှု

#### အသက်မပြည့်သေးသော လူငယ်များကို ဖမ်းဆီးအရေးယူမှု

ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အမျိုးသား (၉) ဦးအား ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၂၃ (က) ဖြင့် အမှုဖွင့် အရေးယူခဲ့သည်။ ယင်းအမှုများတွင် ရန်ကုန်၊ ရွှေပြည်သာမြို့နယ်မှ အရွယ်ရောက်ပြီးသူ (၄) ဦးနှင့် ကယား၊ လွိုင်ကော်မြို့မှ (၅) ဦး ပါဝင်ခဲ့ပြီး၊ လွိုင်ကော်အမှုတွင် အသက် ၁၈ နှစ်အောက် လူငယ် (၃) ဦး ပါဝင်သည်။ အသက် (၁၇) နှစ်၊ (၁၆) နှစ်နှင့် (၁၄) နှစ် အရွယ် အသက်မပြည့်သေးသည့် လူငယ်များကို ဆန္ဒပြခြင်း၊ လှုံ့ဆော်ခြင်း၊ စာရေးသားခြင်း၊ ပိုစတာချိတ်ဆွဲခြင်းနှင့် လူမှုကွန်ရက်ပေါ်တွင် ထင်မြင်ချက် ဖော်ပြခြင်းစသည့်တို့ကို ပြုလုပ်သဖြင့် ရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားသည်ဟူသည့် အကြောင်းပြချက်ဖြင့် အရေးယူခဲ့ခြင်း ဖြစ်သည်။ [20] အသက်မပြည့်သေးသည့် ၁၈ နှစ်အောက်လူငယ်များကိုပါ အမှုဖွင့်အရေးယူခြင်းသည် စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်ပြီး ဤဖြစ်စဉ်သည် ရွေးကောက်ပွဲနှင့် ဆက်စပ်သော ဖိနှိပ်မှုများသည် လူငယ်များအထိပါ သက်ရောက်နေကြောင်း ပြသနေသည်။

#### လူငယ်(၃)ဦးကို ရွေးကောက်ပွဲကာကွယ်ရေး ဥပဒေဖြင့်ဖမ်းဆီးပြီး စစ်မှုထမ်းတပ်သားအဖြစ် ခေါ်ယူခြင်း

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာတွင် စစ်တပ်က ရွေးကောက်ပွဲ ဆန့်ကျင်ရေး လှုပ်ရှားမှုများနှင့် ဆက်စပ်သည်ဟုဆိုကာ လူငယ်သုံးဦးကို ဖမ်းဆီးကာ နှစ်ဦးကို စစ်မှုထမ်းအဖြစ် ခေါ်ဆောင်သွားခဲ့သည်။ ဒေသခံများ၏ အဆိုအရ အဆိုပါ လူငယ်သုံးဦးသည် ရွေးကောက်ပွဲကို ဆန့်ကျင်သည့် လက်ကမ်းစာရွက်များကိုဖတ်ရှုပြီး ဝေဖန်ပြောဆိုခဲ့ရာ သတင်းပေးတိုင်ကြားခြင်း ခံခဲ့ရသည်ဟု ဆိုသည်။ ဖမ်းဆီးခံရသူများအနက် တဦးကို မိသားစုက ငွေပေး၍ ပြန်လည်ရွေးယူ နိုင်ခဲ့သော်လည်း ကျန်လူငယ်နှစ်ဦးကို စစ်မှုထမ်းတပ်သားအဖြစ် စုဆောင်းခံခဲ့ရသည်။ [21] ဤဖြစ်စဉ်သည် ရွေးကောက်ပွဲ ဆန့်ကျင်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဆက်စပ်သော နိုင်ငံရေးလှုပ်ရှားမှုများအပေါ် တုံ့ပြန်အရေးယူမှုတရပ်ဖြစ်ပြီး လူထုအား စစ်မှုထမ်းဥပဒေဖြင့်ပါ အခွင့်သာသလို ဖိနှိပ်နေကြောင်း သိသာထင်ရှားနေသည်။

---

[20] ရွေးကောက်ပွဲပျက်ပြားအောင် နှောင့်ယှက်သူ(၉)ဦးအား ပုဒ်မ ၂၃ (က)ဖြင့်အမှုဖွင့်. (2025, September 22). Popular Journal.

[21] ကျိုက်ထိုမှာ ရွေးကောက်ပွဲ ဆန့်ကျင်ရေး စာရွက်ကောက်ဖတ်မိသူ လူငယ် သုံးဦး ဖမ်းဆီးခံရ. (2025, December 4). Than Lwin Times.

## ၅.၄။ ပြည်သူ့ပါတီ ကိုယ်စားလှယ်လောင်းကို ၂၀၂၁ အရေးတော်ပုံဟူသည့် စကားလုံး အသုံးပြုသဖြင့် အမှုဖွင့် အရေးယူမှု

ရွေးကောက်ပွဲနှင့် ဆက်စပ်သော ဖမ်းဆီးအရေးယူမှု ဥပမာ နောက်တရပ်မှာ ပြည်သူ့ပါတီမှ ကိုယ်စားလှယ်လောင်းတဦး အမှုဖွင့် အရေးယူခံရသည့် ဖြစ်စဉ်ဖြစ်သည်။ သင်္ဃန်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးလွင်မြင့်သည် ရွေးကောက်ပွဲစည်းရုံးမှုကို ၎င်း၏ လူမှုကွန်ယက် စာမျက်နှာတွင် ပြုလုပ်ခဲ့ရာ “၂၀၂၁ အရေးတော်ပုံ/တော်လှန်ရေး” ဟု သုံးနှုန်းခဲ့သဖြင့် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၅၈ (ဂ) ဖြင့် အမှုဖွင့်ခံခဲ့ရသည်။ ထို့အပြင် ဦးလွင်မြင့်၏ မိသားစုဝင်တဦးကို ၂၀၂၁ ခုနှစ် လှုပ်ရှားမှုများနှင့် ဆက်စပ်သော ပြောဆိုချက်များလည်းရှိခဲ့ပြီး ယင်းဖြစ်စဉ် မတိုင်မီက ရွေးကောက်ပွဲ ကော်မရှင်မှ ခေါ်ယူစစ်ဆေးမှုများ ရှိခဲ့ကြောင်း သိရသည်။[22] ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၅၈ (ဂ) သည် မဲဆွယ်စည်းရုံးရေးဆိုင်ရာ စည်းကမ်းချက်များကို ဖောက်ဖျက်ပါက ထောင်ဒဏ် တနှစ်အထိ သို့မဟုတ် ဒဏ်ငွေချမှတ်နိုင်သည့် ပြစ်ဒဏ်များ ပါဝင်နေသည်။

အဆိုပါဖြစ်စဉ်သည် မဲဆွယ်စည်းရုံးရေးအတွင်း အသုံးပြုသော စကားလုံးများနှင့် နိုင်ငံရေးဆိုင်ရာ ပြောဆိုချက်များကိုပါ ဥပဒေအောက်တွင် ကန့်သတ်အရေးယူနိုင်သည့် အခြေအနေရှိနေကြောင်း ပြသနေပြီး ရွေးကောက်ပွဲကာလအတွင်း နိုင်ငံရေး ထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်မှုများကို ထင်ရှား စွာ ပေါ်လွင်စေသည်။

[22] ဧရာဝတီ. (2025, December 20). ပြည့်သူ့ပါတီအမတ်လောင်း တော်လှန်ရေးဟု သုံးသဖြင့် အမှုဖွင့်ခံရ . The Irrawaddy – Burmese Edition.

## ၅.၅။ အတုအယောင် ရွေးကောက်ပွဲကာလအတွင်း မီဒီယာအပေါ် ဖိနှိပ်မှုများ

လွတ်လပ်သော မီဒီယာတခုဖြစ်သည့် AAMIJ News သည် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်း တဦး၏ မူးယစ်ဆေးဝါးနှင့် ဆက်စပ်မှုကို ဖော်ထုတ် ရေးသား ခဲ့သည်။ ထိုဖော်ထုတ်ရေးသားမှုကြောင့် နိုဝင်ဘာ ၁၀ ရက်တွင် ရွေးကောက်ပွဲကာကွယ်ရေး ဥပဒေ ပုဒ်မ ၂၄ (က) ဖြင့် အရေးယူခံခဲ့ရသည်။ [23] ထို့အပြင် ခေတ်သစ်မီဒီယာကိုလည်း ၎င်း၏ ရွေးကောက်ပွဲအပေါ် ဝေဖန် သတင်းဖော်ပြမှုများကို ရွေးကောက်ပွဲအား ခြိမ်းခြောက်မှုအဖြစ် သတ်မှတ်ကာ ရွေးကောက်ပွဲ ကာကယ်ရေး ဥပဒေဖြင့် တရားစွဲဆိုခြင်းခံခဲ့ရသည်ဟု ခေတ်သစ်မီဒီယာက ဆိုသည်။ [24]

> ထို့အပြင် သတင်းမီဒီယာများကိုယ်တိုင်က ဤအရေးယူမှုများကြောင့် ရွေးကောက်ပွဲကာလအတွင်း သတင်း တင်ဆက်ရာတွင် မိမိကိုယ်ကိုယ် ဆင်ဆာဖြတ်ခြင်းနှင့် သတင်းခန်းလွတ်လပ်မှုကို အပြည့်အဝ မကျင့်သုံးနိုင်ခြင်းကဲ့သို့သော ကန့်သတ်မှုများ ကြုံတွေ့ခဲ့ရသည်။

ဤဖြစ်စဉ်များသည် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို အသုံးချ၍ လွတ်လပ်သော သတင်း ဖော်ပြမှုနှင့် ဝေဖန်ထုတ်ဖော်မှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ကာ မီဒီယာလွတ်လပ်ခွင့်ကို ဖိနှိပ် ထိန်းချုပ်ရန် အသုံးပြုနေသည့် စစ်တပ်၏ ပိုမိုကျယ်ပြန့်သော ဖိနှိပ်မှုပုံစံတရပ်ကို ထင်ဟပ်စေသည်။ ထို့အပြင် သတင်းမီဒီယာများကိုယ်တိုင်က ဤအရေးယူမှုများကြောင့် ရွေးကောက်ပွဲ ကာလအတွင်း သတင်း တင်ဆက်ရာတွင် မိမိကိုယ်ကိုယ် ဆင်ဆာဖြတ်ခြင်းနှင့် သတင်းခန်းလွတ်လပ်မှုကို အပြည့်အဝ မကျင့်သုံးနိုင်ခြင်းကဲ့သို့သော ကန့်သတ်မှုများ ကြုံတွေ့ခဲ့ရသည်။

မီဒီယာကဏ္ဍနှင့် ပတ်သက်၍ အာဏာသိမ်းစစ်တပ်မှ ပြည်တွင်းမီဒီယာများအား ဖိအားပေး ဖိနှိပ်နေသော်လည်း နိုင်ငံတကာမီဒီယာများကို အတုအယောင် ရွေးကောက်ပွဲသတင်းယူရန် ဖိတ်ခေါ်

[23] Fortify Rights. (2025). Myanmar Junta Using New Election Law to Crack Down on Dissent Ahead of Sham Elections.
[24] Athan. (2025, November). Update on journalism and media safety in Myanmar. Athan.

ခဲ့သည်။ စစ်တပ်၏ အတုအယောင် ရွေးကောက်ပွဲကော်မရှင်၏ အဆိုအရ နိုင်ငံတကာမီဒီယာ ၆၁ ခု မှ သတင်းထောက် ၂၁၅ ဦးသည် လူထု၏ မဲပေးမှုအကြောင်း သတင်းရယူနိုင်ရန် လျှောက်ထားခဲ့ကြသည်။ ထို့သို့ ဖိတ်ကြားခံခဲ့ရသော်လည်း နိုင်ငံခြား သတင်းထောက် များသည် သတင်း ရယူနေစဉ်အတွင်း တင်းကျပ်သော စောင့်ကြည့်မှုနှင့် ခြိမ်းခြောက်မှုများကို ခံခဲ့ရသည်။ ဥပမာအားဖြင့် မန္တလေးမြို့ရှိ Australian Broadcasting Corp (ABC) မှ သတင်းအဖွဲ့မှာ စဉ်ဆက်မပြတ် စောင့်ကြည့်ခံခဲ့ရပြီး ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များကိုလည်း လက်နက်ကိုင် ရဲတပ်ဖွဲ့များမှ ရယူခဲ့သည်။ ထို့အပြင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင်လည်း အမေရိကန် အလွတ်တန်းသတင်းထောက် Colin McPhee သည် ချင်းပြည်နယ်တွင် တိုက်ပွဲများအကြောင်း သတင်းယူနေစဉ် မြေမြှုပ်မိုင်းနင်းမိပြီး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ရာ ဆေးကုသမှုခံယူရန် အိန္ဒိယနိုင်ငံသို့ ပြောင်းရွှေ့ခဲ့ရသည်။ [25] ဤအခြေအနေသည် စစ်တပ်၏ အတုအယောင် ရွေးကောက်ပွဲကို နိုင်ငံတကာအမြင်တွင် တရားဝင်မှုရှိသကဲ့သို့ ပုံဖော်ရန် ကြိုးပမ်းသော်လည်း အမှန်တကယ်တွင် မီဒီယာထိန်းချုပ်မှုနှင့် ကြောက်ရွံ့မှုကို အခြေခံထားသော စနစ်တစ်ရပ်သာ ဖြစ်ကြောင်း ထင်ရှားစေကာ နိုင်ငံတကာတရားဝင်မှုကို ဆောက်တည်ရန် ကြိုးပမ်းမှု တစ်ရပ်သာ ဖြစ်ကြောင်း သုံးသပ်နိုင်သည်။

[25] Athan. (2026, March 26). Five years on: The systematic dismantling of Myanmar’s media freedom.

## ၆။ အတုအယောင် ရွေးကောက်ပွဲကာလအတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ခံရမှု ဖြစ်စဉ်များအား ခွဲခြမ်းစိတ်ဖြာခြင်း

ဤအတုအယောင် ရွေးကောက်ပွဲကာလအတွင်း စစ်တပ်က ရွေးကောက်ပွဲနှင့် ပတ်သက်သည့် ဝေဖန်ထုတ်ဖော် ပြောဆိုမှုများ၊ သပိတ်မှောက် လှုံ့ဆော်မှုများနှင့် ထင်မြင်ယူဆချက်များကို လူမှုကွန်ယက်တွင် မျှဝေဖော်ပြမှုများကို ရာဇဝတ်မှုများအဖြစ် စနစ်တကျ သတ်မှတ်ခဲ့သည်။ ထိုလုပ်ရပ်များသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို တိုက်ရိုက် ကန့်သတ်ထားခြင်းသာမက နိုင်ငံရေး အမြင်ဖော်ပြမှုကို တရားမဝင် လုပ်ရပ်တရပ်အဖြစ် ပြောင်းလဲဖော်ပြသည့် လုပ်ငန်းစဉ်တရပ်ဖြစ်သည်။

### ရွေးကောက်ပွဲသပိတ်မှောက်လှုံ့ဆော်မှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်း

ရွေးကောက်ပွဲကို သပိတ်မှောက်ရန် လှုံ့ဆော်ခြင်းများ (boycott campaigns)ကို လူထု၏ နိုင်ငံရေးအမြင်ဖော်ပြမှုနှင့် နိုင်ငံရေးပါဝင်မှုတရပ်အဖြစ်သာ သဘောထားရမည် ဖြစ်သော်လည်း အာဏာသိမ်းစစ်တပ်က ရွေးကောက်ပွဲကို နှောင့်ယှက်ခြင်းဟုသတ်မှတ်ကာ ရာဇဝတ်မှုအဖြစ် ပြောင်းလဲခဲ့သည်ကို တွေ့ရသည်။ အထူးသဖြင့် “No Vote” ဟု ဖော်ပြခြင်း သို့မဟုတ် မဲမပေးရန် လှုံ့ဆော်ခြင်း ကဲ့သို့သော လုပ်ရပ်များကို ဥပဒေအောက်တွင် အရေးယူနိုင်သော ရာဇဝတ်မှုများအဖြစ် သတ်မှတ်ခြင်းသည် လူထု၏ မတူကွဲပြားသော နိုင်ငံရေးအမြင်များကို ဖိနှိပ်ရန် ရည်ရွယ်ထား ကြောင်း ပြသနေသည်။

### လူမှုကွန်ယက်တွင် ထုတ်ဖော်ပြောဆို၊ မျှဝေမှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်း

လူမှုကွန်ယက်ပေါ်တွင် လူထု၏ ထင်မြင်ချက်ဖော်ပြခြင်းများကိုပါ ပြင်းထန်စွာ ကန့်သတ်ခဲ့သည်ကို တွေ့ရသည်။ လူထု၏ လူမှုကွန်ယက်များတွင် မိမိ၏ ထင်မြင်ယူဆချက်များ မျှဝေခြင်း၊ မှတ်ချက်ပေးခြင်း၊ တုံ့ပြန်မှု (reaction) ပေးခြင်း သို့မဟုတ် အကြောင်းအရာများ မျှဝေခြင်းကဲ့သို့ သာမန် လွတ်လပ်သော အပြုအမူများကိုပင် ဥပဒေအောက်တွင် အရေးယူနိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်ခဲ့သည်။ ယင်းသည် လူထု၏ အနိမ့်ဆုံး ပါဝင်ပတ်သက်မှုဖြစ်သော နိုင်ငံရေး ထုတ်ဖော် ပြောဆိုမှုများကိုပါ ရာဇဝတ်မှုအဖြစ် အသွင်ပြောင်းလဲထားခြင်းဖြစ်ပြီး လူထုအား ကိုယ်တိုင်ထုတ်ဖော်ပြောဆိုရန် ကြောက်ရွံ့မှုများ တိုးပွားလာစေခဲ့သည်။ ထို့ကြောင့် လူထုမှ မိမိ၏အမြင်ကို ကိုယ်တိုင် ထုတ်ဖော်

ပြောဆိုမှုများကို တမင် ရှောင်ရှားလာသည့် မိမိကိုယ်ကိုယ် ဆင်ဆာဖြတ်ခြင်း အခြေအနေကို ဖြစ်ပေါ် စေခဲ့သည်။

## ဆန္ဒထုတ်ဖော် ပြောဆိုမှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်း

လက်ကမ်းစာစောင်များ ဝေငှခြင်း၊ မဲဆွယ်စည်းရုံးရေးပစ္စည်းများကို ဖျက်ဆီးခြင်း သို့မဟုတ် ရွေးကောက်ပွဲကို ဆန့်ကျင်သည့် သင်္ကေတပြခြင်း စသည့်လုပ်ရပ်များကိုပါ အကြမ်းမဖက်သော နိုင်ငံရေး ထုတ်ဖော်ပြောဆိုမှုများအဖြစ် မမြင်ဘဲ ဖျက်ဆီးရေးလုပ်ရပ်များဟု သဘောထားကာ အရေးယူခဲ့သည်။ ယင်းကဲ့သို့သော ဆန္ဒထုတ်ဖော် ပြောဆိုမှုများသည် နိုင်ငံရေး အမြင်ကို ငြိမ်းချမ်းစွာ ဖော်ပြသည့် နည်းလမ်းများဖြစ်သော်လည်း စစ်တပ်က ၎င်းတို့ကို လုံခြုံရေးအန္တရာယ်အဖြစ် ပြောင်းလဲဖော်ပြခဲ့ခြင်း ဖြစ်သည်။

## မရှင်းလင်းသော ဥပဒေပြဋ္ဌာန်းချက်များနှင့် လူမှုနယ်ပယ်အတွင်း စောင့်ကြည့်ဖိနှိပ်မှုများ

စစ်တပ်၏ ရွေးကောက်ပွဲကာကွယ်ရေး ဥပဒေတွင် ရွေးကောက်ပွဲကို နှောင့်ယှက်ခြင်း ဟူသော အဓိပ္ပါယ် မရှင်းလင်းသည့် ဝေါဟာရကို အသုံးပြုထားသဖြင့် မည်သည့် ထင်မြင်ချက်ဖော်ပြမှုကိုမဆို ရာဇဝတ်မှု အဖြစ် သတ်မှတ်နိုင်သည့် အခြေအနေကို ဖန်တီးထားသည်။ ထို့အပြင် စစ်တပ်လိုလားသော တယ်လီဂရမ် ချန်နယ်များမှ လူပုဂ္ဂိုလ်များကို အမည်တပ်၍ ဖော်ထုတ်ခြင်း၊ တိုင်ကြားရန် လှုံ့ဆော်ခြင်းနှင့် ဖမ်းဆီးမှု များကို ထောက်ခံအားပေးခြင်းတို့သည် ဥပဒေပြု ဖိနှိပ်မှုများကို လူမှုနယ်ပယ်ထဲသို့ တိုးချဲ့စေခဲ့ခြင်း ဖြစ်သည်။ ထိုသို့သော လုပ်ရပ်များသည် လူထုအတွင်း ကြောက်ရွံ့မှုနှင့် စောင့်ကြည့်ခံရနေမှုကို တိုးမြှင့်စေပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ပိုမို ကန့်သတ်စေခဲ့သည်။

## မီဒီယာ သတင်းဖော်ပြမှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်း

ရွေးကောက်ပွဲကာလအတွင်း တွေ့ရှိရသော မီဒီယာဖိနှိပ်မှု ဖြစ်စဉ်များသည်လည်း လွတ်လပ်သော သတင်းဖော်ပြမှုများကို ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအောက်တွင် ရာဇဝတ်မှုအဖြစ် ပြန်လည် သတ်မှတ်နေသည်။ အထူးသဖြင့် ရွေးကောက်ပွဲနှင့် ပတ်သက်သော စုံစမ်းဖော်ထုတ် ရေးသားမှုများနှင့် ဝေဖန်ထုတ်ဖော်မှုများကို ရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားခြင်းဟုခေါ်ဆိုကာ အရေးယူခြင်း သည်

မီဒီယာ၏ အခြေခံအခန်းကဏ္ဍဖြစ်သည့် အာဏာကို စောင့်ကြည့် ထိန်းချုပ်ခြင်းနှင့် အများပြည်သူသို့ သတင်းအချက်အလက် ပေးပို့ခြင်းတို့ကို တိုက်ရိုက် ကန့်သတ်ဖိနှိပ်နေခြင်း ဖြစ်ပြီး ဤသည် နိုင်ငံရေး ထုတ်ဖော် ပြောဆိုခွင့်ကိုသာမက မီဒီယာလွတ်လပ်ခွင့်ကိုပါ တိုက်ရိုက် စနစ်တကျ ဖိနှိပ်ထိန်းချုပ်နေခြင်း ဖြစ်သည်။

အကျဉ်းချုပ်အားဖြင့် အတုအယောင် ရွေးကောက်ပွဲကာလအတွင်း ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ် အခြေအနေများသည် သာမန်နိုင်ငံရေး ထုတ်ဖော်ပြောဆိုမှုများကို စနစ်တကျ ရာဇဝတ်မှုအဖြစ် ပြောင်းလဲ သတ်မှတ်ထားသည့် လုပ်ငန်းစဉ် တရပ်ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ကန့်သတ်ထားခြင်းသည် တဦးချင်း လုပ်ရပ်များကိုသာ ထိန်းချုပ်ခြင်းမဟုတ်ဘဲ လူထု တရပ်လုံး၏ နိုင်ငံရေးပါဝင်မှုကို လျှော့ချရန် ရည်ရွယ်ထားသော စနစ်တကျ ဖိနှိပ်မှု တရပ်ဖြစ်ကြောင်း သတ်မှတ်နိုင်သည်။

## ၇။ နိဂုံး – သုတေသန တွေ့ရှိချက်များအပေါ် သုံးသပ်ချက်

ဤသုတေသန၏ တွေ့ရှိချက်များအရ ၂၀၂၅ - ၂၀၂၆ အတုအယောင် ရွေးကောက်ပွဲကာလ အတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် ဥပဒေယန္တရားများ ထပ်မံအသုံးပြု၍ ရာဇဝတ်မှုတစ်ရပ်အဖြစ် အထင်အရှား သတ်မှတ်ဖော်ဆောင်ခံခဲ့ရကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် ရွေးကောက်ပွဲကာကွယ်ရေး ဥပဒေကို အသုံးပြုခြင်းဖြင့် ဝေဖန်ပြောဆိုမှုများ၊ သပိတ်မှောက်လှုံ့ဆော်မှုများ၊ အွန်လိုင်းတွင် ထင်မြင်ချက် ဖော်ပြခြင်းများကိုပါ ရာဇဝတ်မှု အဖြစ် သတ်မှတ်ကာ ပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်ခဲ့သည်ကို တွေ့ရသည်။

> လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် ဥပဒေယန္တရားများ ထပ်မံအသုံးပြု၍ ရာဇဝတ်မှုတစ်ရပ်အဖြစ် အထင်အရှား သတ်မှတ်ဖော်ဆောင်ခံခဲ့ရကြောင်း တွေ့ရှိရသည်။

သုတေသန အချက်အလက်များအရ ဖမ်းဆီးမှုများသည် အတုအယောင် ရွေးကောက်ပွဲ နီးကပ်လာသည့်ကာလတွင် တိုးမြင့်လာခဲ့ပြီး အထူးသဖြင့် ရွေးကောက်ပွဲ နီးကပ်လာသောကာလ၊ နိုဝင်ဘာလတွင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် ဖမ်းဆီးခံရသူများအတွင်း သာမန်ပြည်သူများ အများစု ပါဝင်နေခြင်းသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို လူမှု အဆင့်အလွှာမရွေး ဖိနှိပ်ထားကြောင်း ပြသနေသည်။ ရွေးကောက်ပွဲကာလတွင် စစ်တပ်အပြင် အခြားသော အစုအဖွဲ့များကပါ ဖမ်းဆီးမှုနှင့် အရေးယူမှု အချို့ ပြုလုပ်ခဲ့ခြင်းသည်လည်း နိုင်ငံရေးအမြင်နှင့် ဆက်စပ်သော လွတ်လပ်ခွင့်များကို တခြားသော အစုအဖွဲ့များကပါ ချိုးဖောက်နေကြောင်း ထင်ဟပ်စေသည်။ ထို့အပြင် NUG သည် တော်လှန်ရေးအစိုးရတစ်ရပ်အနေဖြင့် လူထု၏ ဖိနှိပ်ခံရမှုများနှင့် အခြေခံလွတ်လပ်ခွင့်များကို ပိုမိုအရေးပေး နားလည်ကာ ကာကွယ်ပေးရမည့်အစား ဖိနှိပ်ဖမ်းဆီးမှုများ ဆက်လက်ပြုလုပ်ခဲ့ခြင်းကြောင့် လူထုအနေဖြင့် အားကိုးအားထားပြုနိုင်သည့် ရွေးချယ်စရာ ကန့်သတ်ချက်များ ရှိနေသည်ကို ပေါ်လွင်စေသည်။

ထို့ပြင် စစ်တပ်လိုလားသော တယ်လီဂရမ်ချန်နယ်များမှ လူပုဂ္ဂိုလ်များကို အမည်တပ်၍ ဖော်ထုတ်ခြင်း၊ တိုင်ကြားရန် လှုံ့ဆော်ခြင်းနှင့် ဖမ်းဆီးမှုများကို ထောက်ခံအားပေးရန် ပြုလုပ်ခြင်း တို့သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ဖိနှိပ်ရာတွင် လူမှုကွန်ယက်ကိုပါ စနစ်တကျ အသုံးချနေကြောင်း ပြသနေသည်။ ယင်းသည် အစိုးရ၏ အာဏာသုံး ဖိနှိပ်မှုသာမက လူမှုနယ်ပယ် အတွင်းတွင်ပါ ကြောက်ရွံ့မှုနှင့် စောင့်ကြည့်မှု ယန္တရားများကို တိုးချဲ့ထားခြင်းဖြစ်သည်။

အကျဉ်းချုပ်အားဖြင့် စစ်တပ်၏ အတုအယောင် ရွေးကောက်ပွဲကာလသည် ၎င်းတို့ မျှော်မှန်းခဲ့သည့် လွတ်လပ်ပြီး တရားမျှတသော နိုင်ငံရေးယှဉ်ပြိုင်မှုတရပ်အဖြစ် မဖြစ်ပေါ်ခဲ့သည့်အပြင် လူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကိုကန့်သတ်ပြီး ဖမ်းဆီးထောင်ချမှုများ ပြုလုပ်ခဲ့ပြီး လူထု၏အသက်အန္တရာယ်ကိုပါ သက်ရောက်မှုရှိခဲ့သည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ဤ ရွေးကောက်ပွဲကို အကြမ်းဖက်စစ်တပ်၏ နိုင်ငံရေးအာဏာတည်မြဲရေးအတွက် အသုံးချထားသော အတုအယောင် လုပ်ငန်းစဉ် တရပ်အဖြစ်သာ သတ်မှတ် မှတ်ချက်ချနိုင်သည်။

## ၈။ အကြံပြုချက်များ

၁။ နိုင်ငံတကာအသိုင်းအဝိုင်း

နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရများအနေဖြင့် မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်မှုများကို ဆက်လက်စောင့်ကြည့်၍ စစ်တပ်ဘက်မှ လူ့အခွင့်အရေး ချိုးဖောက်နေမှုများအား တာဝန်ခံမှု ရှိစေရန် ဖိအားပေးဆောင်ရွက်သင့်သည်။ ထို့ပြင် ဆိုးရွားလာနေသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးအခြေအနေများကို ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်သင့်သည်။

အထူးသဖြင့် မြန်မာစစ်တပ်ရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ပြုလုပ်သည့် ၎င်း၏ အတုအယောင်ရွေးကောက်ပွဲလုပ်ငန်းစဉ်မှ တစ်ဆင့် တရားဝင်မှုကို ရယူရန် ကြိုးပမ်းမှုများကို ပြတ်သားစွာ ငြင်းပယ်ရန်နှင့် ယင်းမှ ပေါ်ပေါက်လာသော မည်သည့် ရလဒ်သို့မဟုတ် အုပ်ချုပ်မှု ပုံစံကိုမျှ အသိမှတ်မပြုရန်လိုအပ်သည်။

၂။ လူမှုကွန်ယက်ပလက်ဖောင်းများနှင့် သတင်းအချက်အလက်ဆိုင်ရာ တာဝန်ရှိသူများ

တယ်လီဂရမ် (Telegram) နှင့် ဖေ့စ်ဘွတ်ခ် (Facebook) အပါအဝင် အခြားသော လူမှုကွန်ယက်ပလက်ဖောင်းများကို အသုံးပြု၍ လူတဦးချင်းကို ပစ်မှတ်ထား ဖိနှိပ်ခြင်း၊ တိုင်ကြားရန် လှုံ့ဆော်ခြင်းနှင့် ခြိမ်းခြောက်မှုများ ပြုလုပ်ခြင်းကို တားဆီးနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများက ထိရောက်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်သင့်သည်။ အထူးသဖြင့် လူထုအပေါ် စစ်တပ်လော်ဘီအုပ်စုမှ ပစ်မှတ်ထားခြင်း၊ လူမှုရေးအရ နှောင့်ယှက်ခြင်းနှင့် အကြမ်းဖက်လှုံ့ဆော်ခြင်း မက်ဆေ့များပါဝင်သော ဖော်ပြချက်များကို အမြန်ဆုံး ဖယ်ရှားသင့်သည်။

### ၃။ CSOs/NGOs (လူမှုအဖွဲ့အစည်းများ) နှင့် တက်ကြွလှုပ်ရှားသူများ

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်မှုများကို စနစ်တကျ ဆက်လက်မှတ်တမ်းတင်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ သက်သေအချက်အလက်များစုဆောင်းခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား အသုံးပြုခဲ့ခြင်းကြောင့် ထိခိုက်ခံရသူများအတွက် ဥပဒေရေးရာနှင့် ကာ ကွယ်ရေးဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးသင့်သည်။

အတုအယောင်ရွေးကောက်ပွဲကို ပြည်သူလူထုက လက်မခံခဲ့ခြင်းသည် စစ်အုပ်စုတွင် ပြည်သူ ပေးအပ်သည့် အာဏာမရှိကြောင်းကို ထင်ရှားစွာ ပြသနိုင်ခဲ့သည့်အပြင် ဒီမိုကရေစီနှင့် ဖက် ဒရယ်စနစ်အပေါ် ပြည်သူ၏ ယုံကြည်မှုကိုလည်း ထင်ဟပ်စေမည့် အသိပညာပေး လှုံ့ဆော်မှု များကို နိုင်ငံတကာသို့ ပိုမိုရောက်ရှိအောင် အဖွဲ့အစည်းများပူးပေါင်း၍ ဆောင်ရွက်သင့်သည်။

ထို့ပြင် နိုင်ငံတကာ စည်းရုံးရေးကွန်ယက်များနှင့် ချိတ်ဆက်၍ မြန်မာနိုင်ငံလူထု ကြုံတွေ့ခဲ့ရ သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ခံရမှုများအား ကမ္ဘာ့အဆင့်တွင် ဖော်ပြ၍ အသိပညာ မြှင့်တင်ရန်လည်း လိုအပ်သည်။




# ၂၀၂၅ – ၂၀၂၆ ရွေးကောက်ပွဲကာလအတွင်း
# လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခြေအနေကို
# လေ့လာဆန်းစစ်ခြင်း